# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 14 July 2020 ၁၀၀၇၃


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့်ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## ကျောင်းသူ ကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေပြန်ပြီးဖွင့်ဖို့ စပြီး ခြေလှမ်းမှာဖြစ်ကြောင်း သတင်းစကားပါး

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျောင်းသူ ကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ Covid ကြောင့် ပိတ်ထားရတာက ပြန်ပြီးဖွင့်ဖို့ စပြီးခြေလှမ်းမှာဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်းမာရေးနဲ့ ပညာရေးအဆင့်အတန်းကောင်းဖို့က နိုင်ငံသူ နိုင်ငံသားများအတွက် အခြေခံကျတဲ့ လိုအပ်ချက်များဖြစ်ပါကြောင်း၊ နှစ်ခုစလုံးဟာ တစ်သက်တာအတွက် လိုအပ်ချက်တွေဖြစ်၍ နှစ်ခုစလုံးကိုအမြဲဂရုစိုက် ပြုစုပျိုးထောင်ဖို့လိုပါကြောင်း။

ကျန်းမာရေးကတော့ဟုတ်ပါပြီ၊ ပညာက တစ်သက်လုံး ဆည်းပူးနေရမှာလားလို့ စောဒကတက်သူများ ရှိနိုင်ပါကြောင်း၊ ဒီမှာ ပညာကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖော်စေချင်ပါကြောင်း၊ လောကီ၊ လောကုတ္တရာအမြင် တိုးတက်လေးနက်ရာလေးနက်ကြောင်း လေ့လာ၊ ရှာဖွေ၊ ဆင်ခြင်တာ ပညာရှာတာပဲ မဟုတ်ပါလား၊ ပညာဆိုတာ တကယ်တော့ လူတိုင်း ကိုယ်တိုင်ရှာရတာဖြစ်ပါကြောင်း၊ ကျောင်းတွေရဲ့ အဓိကတာဝန်က ကျောင်းသူ ကျောင်းသားတွေ ပညာရှာတတ်အောင် သင်ပေးဖို့ဖြစ်သဖြင့် ပညာရေးစနစ်တစ်ခုရဲ့အောင်မြင်မှုအဆင့်ကို ပညာရှာတတ်သူ ဘယ်လောက်မွေးထုတ်နိုင်လဲဆိုတာကြည့်ပြီး ဆုံးဖြတ်ရမှာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံပညာရေးစနစ် တကယ်မြင့်ဖို့ လုပ်ရမှာတွေ အများကြီးရှိနေပါသေးကြောင်း၊ ဒါကြောင့် ပညာရေးကို ကျန်းမာရေးနဲ့ တန်းတူ အလေးထားဆောင်ရွက်နေတာဖြစ်ပါကြောင်း။

ကျောင်းသူ ကျောင်းသားတွေ ပညာရှာရေးနဲ့ မဝေးသွားဖို့က အရေးကြီးပါကြောင်း၊ နောက်အပတ်မှာ ကျောင်းတွေ Covid ကြောင့် ပိတ်ထားရတာက ပြန်ပြီးဖွင့်ဖို့ စပြီးခြေလှမ်းမှာဖြစ်ပါကြောင်း၊ အများသိကြတဲ့အတိုင်း အထက်တန်းကျောင်းများဖွင့်တာနဲ့ ပြန်စမည်ဖြစ်ပါကြောင်း၊ ဒီအစီအစဉ် အဆင်ပြေမှုအပေါ် မူတည်ပြီး အလယ်တန်း၊ မူလတန်းများ ဖွင့်ဖို့ဆက်လက်စီစဉ်မှာ ဖြစ်ပါကြောင်း။

တားဆီး၊ ကုသဆေးမပေါ်သေးတဲ့ ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ ခြေတစ်လှမ်း လှမ်းဖို့ရာ တွက်ချက်ရတာတွေက အများကြီးရှိပါကြောင်း၊ ခပ်မှန်မှန်နဲ့ မြန်နိုင်သရွေ့ မြန်မြန်ခရီးရောက်ဖို့ ကြိုးစားရတာပါပဲဟု ရေးသားထားသည်။

- ❖ ကျန်းမာရေးနဲ့ ပညာရေး အဆင့်အတန်းကောင်းဖို့က နိုင်ငံသူ နိုင်ငံသားများအတွက် အခြေခံကျတဲ့ လိုအပ်ချက်များဖြစ်
- ❖ နှစ်ခုစလုံးဟာ တစ်သက်တာအတွက် လိုအပ်ချက်တွေဖြစ်၍ နှစ်ခုစလုံးကို အမြဲဂရုစိုက် ပြုစုပျိုးထောင်ဖို့လို
- ❖ ကျောင်းတွေရဲ့ အဓိကတာဝန်က ကျောင်းသူ ကျောင်းသားတွေ ပညာရှာတတ်အောင် သင်ပေးဖို့ဖြစ်သဖြင့် ပညာရေးစနစ်တစ်ခုရဲ့အောင်မြင်မှုအဆင့်ကို ပညာရှာတတ်သူ ဘယ်လောက်မွေးထုတ်နိုင်လဲဆိုတာကြည့်ပြီး ဆုံးဖြတ်ရမှာဖြစ်

ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၉

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ**

စာမျက်နှာ » ၄

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ**

စာမျက်နှာ » ၅


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကလေးငယ်များကို အလေးထားကာကွယ်

ကလေးငယ်များအတွက် အစဉ်လိုအပ်နေသောအရာမှာ မေတ္တာနှင့် လုံခြုံမှုပင် ဖြစ်သည်။ ကလေးများအတွက် မေတ္တာနှင့်လုံခြုံမှုကို ရရှိနေမည်ဆိုလျှင် ကလေးငယ်များဘဝမှာ ပျော်ရွှင်ချမ်းမြေ့သာယာနေမည် ဖြစ်သည်။ ထိုမေတ္တာနှင့်လုံခြုံမှုကို မိဘအုပ်ထိန်းသူနှင့် ပတ်ဝန်းကျင်မှ ဖြည့်ဆည်းပေးကြရပါသည်။ ကလေးငယ်များမှာ အပြစ်ကင်းစင်ပြီး မျှော်လင့်ချက်ဖြင့် ကြီးထွားရှင်သန်နေကြပါသည်။

ကလေးငယ်တို့၏ အသက်အရွယ်အလိုက် မွေးကင်းစမှစ၍ ကြီးပြင်းလာသည့်တိုင် မိဘတို့၏နွေးထွေးမှုနှင့် လုံခြုံမှုကို လိုအပ်ကြသည်။ လူမမည်ငယ်ရွယ်စဉ်ကတည်းက ပြင်းထန်သောအသံကြားလျှင် တုန်လှုပ်ထိတ်လန့်တတ်သည့် သဘာဝရှိသည်။ ထိုအရွယ်ကလေးငယ်မှစ၍ ကြီးပြင်းလာသည်အထိ ကြောက်ရွံ့စိတ်ကင်းဝေးအောင် ပြုလုပ်ပေးနိုင်မှ ကလေးငယ်၏အနာဂတ် လှပပေမည်။

အခါများစွာ ကြောက်လန့်ဖွယ်ရာများနှင့် ကြုံတွေ့ရသော ကလေးငယ်၏ဘဝမှာ အညွန့်ကျိုးသောပန်းကဲ့သို့ ညှိုးနွမ်းလာတတ်သည်။ အခါမလပ် ကြောက်ရွံ့တုန်လှုပ်နေသည့်ကလေးငယ်မှာ လူကြီးမိဘများကိုသာ အားကိုးတတ်သည်။ ထိုကလေးများသည် ပျော်ရွှင်ချမ်းမြေ့မှုနှင့် အနာဂတ်မျှော်လင့်ချက်များ ကွယ်ပျောက်၍ လုံခြုံမှုမရှိသောဘဝဖြင့် အသက်ရှင်သန်ကြရသည်။

မျက်မှောက်ကာလတွင် မငြိမ်းချမ်းသောဒေသအချို့၌ ဖြစ်ပေါ်နေသောပဋိပက္ခများကြောင့် ဒေသခံပြည်သူများကြားမှ ကလေးသူငယ်များဘဝ လုံခြုံမှုကင်းဝေးလာသည်ကို တွေ့ရသည်။ ကလေးများဘဝတွင် လုံခြုံမှုသည် အရေးကြီးလှပြီး လုံခြုံမှုကင်းဝေးပါက ငံ့လင့်နေသောမေတ္တာများပါ ပျောက်ကွယ်သွားရသည်။ ယခုအခါ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ လုံခြုံမှုကင်းဝေးနေသည့်အပြင် ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများပင်ရှိနေသည်ဟု ပြောဆိုသံများကြားသိလာရသည်။

ကလေးသူငယ်များ လုံခြုံမှုနှင့်ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေရှိပြီးဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများရရှိအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ယခုအခါ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန် ၁၀ ရပ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကျူးလွန်မှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်တားဆီးမှုများကို ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် ဝမ်းမြောက်မိသည်။

ကလေးငယ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်အတူ နိုင်ငံတော်အစိုးရကလည်း အလေးထားဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ စုံစမ်းတွေ့ရှိချက်တွင် ကြီးလေးသောကျူးလွန်မှု (၆)ရပ်နှင့်ပတ်သက်ပြီး တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ညွှန်ကြားထားသည်။ မြန်မာနိုင်ငံ၌ အချို့ဒေသများတွင် ငြိမ်းချမ်းမှုမရရှိသေးသောကြောင့် ဒေသခံပြည်သူများရော ကလေးသူငယ်များအတွက်ပါ စိန်ခေါ်မှုများရှိနေသေးသည်။

ထိုသို့ကြားတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန် အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိသည်။ အရွယ်မရောက်သေးသော ကလေးစစ်သားစုဆောင်းမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏စာရင်းမှ မြန်မာနိုင်ငံအား ပယ်ဖျက်ပေးလိုက်ခြင်းမှာ ကောင်းသောလက္ခဏာဖြစ်သည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခများကြားတွင် ကလေးငယ်များ ထိခိုက်သေဆုံးမှု သတင်းအချို့ ကြားသိနေရသေးသဖြင့် စိတ်ချမ်းသာမှု အပြည့်အဝမရသေးပေ။

မည်သို့ဆိုစေကာမူ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ စုံစမ်းတွေ့ရှိချက်အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုအဖြစ်သတ်မှတ်ထားသည့် ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့်သေရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းစေခြင်း၊ တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊ ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး၊ ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဆေးရုံနှင့်ကျောင်းများအား တိုက်ခိုက်ခြင်းနှင့် ကလေးသူငယ်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း သို့မဟုတ် ခွင့်မပြုခြင်းဟူသည့် အချက်(၆) ရပ်သည် အရေးကြီးသည့် အလေးထားဖွယ်ရာအချက်များဖြစ်သည်။

သို့ဖြစ်ရာ အပြစ်ကင်းစင်သည့် ကလေးသူငယ်များ၏ဘဝများ ထိခိုက်နစ်နာဆုံးရှုံးခြင်းမဖြစ်စေရန်အတွက် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်းမှ ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများ မပေါ်ပေါက်စေရန်အတွက် ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ အလေးထားကာကွယ်စောင့်ရှောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ရှစ်မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု တစ်မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးစိုးနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ရှစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ် အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု တစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ ပဌမနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပဌမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိစာဖြေဌာန ၅၇ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၂၇၄၉ ပါးအနက် ၁၀၀၄၁ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၇၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## လယ်ယာလက်ကားအမှတ်(၃) သမဝါယမအသင်းပိုင်ဆန်စက်မှ အရည်အသွေးမီဆန်စပါးများ ကြိတ်ခွဲထုတ်လုပ်

**ပဲခူး ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး လယ်ယာလက်ကားအမှတ်(၃) သမဝါယမအသင်းသည် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆန်စပါးကြိတ်ခွဲခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး နှစ်စဉ်မျိုးစေ့ထုတ်လုပ်ငန်းမှရရှိသော စပါးများကို အသင်းသားတောင်သူများထံ ရောင်းချစိုက်ပျိုးစေပြီး သီးနှံထွက်ရှိလာပါက ထိုအသင်းသားတောင်သူများထံမှ ဒေသပေါက်ဈေးထက်ဈေးပိုမိုပေးကာ ဝယ်ယူကြိတ်ခွဲပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ၂၀၂၀ နွေစပါးရာသီတွင် တောင်သူ ၄၆၇ ဦး၏ လယ်ဧက ၁၆၁၀ တွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ဝယ်ယူကြိတ်ခွဲလျက်ရှိရာ တစ်နေ့လျှင် အဆိုပါ ဆန်စက်ကြီးမှ စပါးတန် ၆၀ (စပါးတင်း ၃၀၀၀) ကို ကြိတ်ခွဲနိုင်ပြီး တစ်နှစ်လျှင် စပါးတင်း သုံးသိန်းမှ ငါးသိန်းအထိ အလေအလွင့်နည်းစွာ ကြိတ်ခွဲပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၁၆ | ၁၆၈,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၆၆၈ | ၂,၅၅၁,၈၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၄,၄၂၃ | ၉၇,၃၀၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၁၁ | ၃၀၃,၁၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၆၂ | ၁၆၇,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၃

ရန်ကုန်(ရွှေဈေး) ၁၂၃၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၅ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၅/၄၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၅/၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၀.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၆၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁.၂၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၂၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၄.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ဦးနိုင်လင်းကြည်၊ဦးသက်ထွေး
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ကျောဖုံးမှ

ဥပဒေကြမ်းတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ကြမည့် ပူးပေါင်းအဖွဲ့များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့အနေဖြင့်လည်း အခြေအနေအရ စိစစ်မှုကာလ လျှော့ချကန့်သတ်ပေးရခြင်းကို နားလည်ပေးစေလိုပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဥပဒေကြမ်းများနှင့် အခြားသောလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို အချိန်မီအောင်မြင်စွာ ပြီးမြောက်နိုင်ရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် COVID – 19 ကူးစက်ရောဂါဖြစ်ပွားနေသည့်အချိန်တွင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး၊ သွားလာနေထိုင်စားသောက်ရေးတို့ကို ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တတ်စွမ်းသမျှ ဆောင်ရွက်ထားရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များတစ်ဦးချင်းအနေဖြင့် သိရှိပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အကြောင်းအရာများကိုလည်း ပန်ကြားစာဖြင့် ကြိုတင်ဖြန့်ဝေအသိပေးထားပြီး ဖြစ်ပါကြောင်း။

**လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်မည့် ကာလအတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ကာလကို လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားပေးထားရန် လျာထား**

တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ထုတ်ပြန်ချက်များကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ထုတ်ပြန်ချက်များအရ တတိယသက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့် စိစစ်ခြင်းဆောင်ရွက်မည့် ရက်ကာလများသည် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပမည့် ကာလအတွင်း ပါဝင်နေပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် သတ်မှတ်ကာလတွင် လွှတ်တော်အစည်းအဝေးများ ဆက်လက်ကျင်းပနေမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်မည့်ကာလအတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ကာလကို လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားပေးထားရန် လျာထားပါကြောင်း၊ တတိယသက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် လိုအပ်သည်များကို ပြင်ဆင်ထားနိုင်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးလည်း သိရှိနိုင်ရန် ကြိုတင်ပြောကြားထားခြင်း ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် လွှတ်တော်များ၏ ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ကြရာတွင် ကိုယ်စားလှယ်များ၏ အမြော်အမြင်ရှိမှုနှင့် ကြိုးစားအားထုတ်မှုများကို မှတ်ကျောက်တင်ခံနိုင်ကြပါစေ၊ ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် နမူနာကောင်းများ လက်ဆင့်ကမ်းပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ဖားကန့်မဲဆန္ဒနယ်မှ ဦးတင်စိုးက ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂ ရက်နေ့က ဖြစ်ပွားခဲ့သည့် ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ တောင်ကမ်းပါးယံပြိုကျမှုဖြစ်စဉ်တွင် လူသေဆုံး၊ ပျောက်ဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ဝမ်းနည်းကြောင်းအဆိုကို တင်သွင်း၍ ကချင်ပြည်နယ် မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်က ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် တစ်မိနစ်ခန့် မတ်တတ်ရပ်၍ ငြိမ်သက်ပြီး မေတ္တာပို့သကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၁၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၂ တို့တွင် နိုင်ငံတော်သမ္မတသို့ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထုတ်ပြန်ခြင်း၊ ယင်းအမိန့်ကို ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှသာ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ယင်းအမိန့်ကိုထုတ်ပြန်ရခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၂၀) "ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်" အရ ပေးအပ်


ဒုတိယဝန်ကြီး
ဦးဆက်အောင်


ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ထားသည့် အခွန်သက်သာခွင့်များတွင် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်အဖြစ် ခံစားခွင့်၊ ၂၀၁၉ - ၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေခဲ့ရသည့် လုပ်ခ၊ လစာစုစုပေါင်းပေးချေမှု၏ ၁၂၅ ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏကို အသုံးစရိတ်အဖြစ် ဝင်ငွေမှနုတ်ပယ်ခွင့်၊ ၂၀၁၉ - ၂၀၂၀ ဝင်ငွေနှစ်အတွင်း သတ်မှတ်မတည် အပိုင်ပစ္စည်းများ၊ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် တိုးချဲ့သုံးစွဲခဲ့သည့် မတည်ပစ္စည်းတန်ဖိုး စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်အဖြစ် ခံစားခွင့်၊ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် ရရှိမည့် ထပ်တိုးသတ်မှတ် မတည်အပိုင်ပစ္စည်းတန်ဖိုးလျော့စရိတ်၏ ၁၂၅ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို တစ်ကြိမ်တည်း တိုးမြှင့်ခံစားခွင့်တို့ဖြစ်ပါကြောင်း။

အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်ဖြင့် ခံစားခွင့်ပြုလုပ်သည့် အခွန်ဆိုင်ရာသက်သာခွင့်များနှင့်စပ်လျဉ်း၍ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကိုလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ COVID–19 Economic Relief Plan အရ COVID–19 ကြောင့် ပုဂ္ဂလိက ကဏ္ဍအပေါ် သက်ရောက်မှုများလျော့နည်းစေရန် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဆိုင်ရာအမိန့်အပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအမိန့်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan – CERP) နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံအနေဖြင့် COVID–19 ၏ ထိခိုက်မှုဒဏ်သက်သာစေရန်အတွက် COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan– CERP) ကို အချိန်မီထုတ်ပြန်ခဲ့ပါကြောင်း။

CERP တွင်ပါသည့် လုပ်ငန်းစီမံချက်များသည် ရေတိုလုပ်ငန်းစီမံချက်များဖြစ်ပြီး တစ်ခုချင်းသည် အသေးစိတ်လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း၊ CERP တွင်ပါသည့် လုပ်ငန်းစီမံချက်တစ်ခုချင်းသည် အသေးစိတ်လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အကောင်အထည်ဖော်ရန် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များဖြစ်ပါကြောင်း၊ ထူးခြားသည့်အချက်သည် လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် တာဝန်ခံဝန်ကြီးဌာနများကို ဖော်ပြထားပြီး စောင့်ကြည့်စစ်ဆေးမှုအခန်းကဏ္ဍတွင်လည်း အနည်းဆုံးဆောင်ရွက်ရန် အချိန်ဇယားများကိုလည်း ဖော်ပြထားပါကြောင်း။

ထို့ပြင် ၎င်းလုပ်ငန်းစီမံချက်များသည် ကျယ်ပြန့်သည့် မေခရိုစီးပွားရေးကဏ္ဍတစ်ခုတည်းကို ဦးတည်ခြင်းမဟုတ်ဘဲ ပိုမိုအသေးစိတ်ကျသည့် ပုဂ္ဂလိကလုပ်ငန်းများ၊ အိမ်ထောင်စုများ၊ အလုပ်သမား၊ တောင်သူစသည့် အသေးစိတ်အုပ်စုများကို တိုက်ရိုက်အကျိုးရှိစေရန် ဦးတည်ထားပါကြောင်း၊ ထို့အတူ GDP ၏ အစိတ်အပိုင်းများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန်၊ အိမ်ထောင်စုစားသုံးမှုများ ပိုမိုမြင့်တက်စေရန်၊ ထိရောက်သည့်နေရာများတွင် နိုင်ငံတော် အသုံးစရိတ် တိုးမြှင့်သုံးစွဲနိုင်ရန်စသည့်အချက်များကိုလည်း ဦးတည်ထားပါကြောင်း။

CERP လုပ်ငန်းစဉ်များတွင် သုံးစွဲရန်ငွေကြေးပမာဏသတ်မှတ်ပါရှိသည့် လုပ်ငန်းစဉ် သုံးခုခန့်သာရှိပြီး ကျန်ရှိသောလုပ်ငန်းစဉ်အားလုံးသည် ငွေကြေးပမာဏ အတိအကျ သတ်မှတ်ထားမှုမရှိဘဲ ငွေကြေးပမာဏရနိုင်သလောက်နှင့် အဆင့်ဆင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ CERP တွင်ပါရှိသည့် လုပ်ငန်းစဉ်များတွင် ငွေကြေးသုံးစွဲရမည့် လုပ်ငန်းစဉ်များအပြင် နိုင်ငံတော်ဝင်ငွေ လျော့ကျမည့် လုပ်ငန်းစဉ်များဖြစ်သော အခွန်အခများ လျော့ချခြင်း၊ လျှော်ပေးခြင်း၊ ရွှေ့ဆိုင်းခြင်းစသည့် လုပ်ငန်းစဉ်များလည်းပါရှိပါကြောင်း။

CERP လုပ်ငန်းစီမံချက်များသည် COVID–19 ကာလအတွင်းရှိ စီးပွားရေးထိခိုက်မှုကို သက်သာစေရန် ရေတိုလုပ်ငန်းစီမံချက်များဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ရေရှည်စီမံချက်ဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် ချိတ်ဆက်ရန်လိုပါကြောင်း၊ သို့ဖြစ်ပါ၍ CERP နှင့် MSDP တို့၏ ချိတ်ဆက်မှုပိုမိုအားကောင်းစေရန် လိုအပ်လျှင် စီးပွားရေးနာလန်ထူရေးစီမံချက် (Economic Recovery Plan) ကို ရေးဆွဲချိတ်ဆက်ရန် စီစဉ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းစီမံချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)တွင် အခန်း (၃)ခန်း၊ ပုဒ်မ (၁၄) ခု၊ ပူးတွဲဇယား ခုနစ်ခု ပါဝင်ပါကြောင်း၊ အခန်း(၁)သည် အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များဖြစ်ပါကြောင်း၊ အခန်း(၂)တွင် စီမံကိန်းရည်မှန်းချက်များကို ဖော်ပြထားပါကြောင်း၊ အခန်း(၃) အထွေထွေဖော်ပြချက်တွင် စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ရန်၊ အကောင်အထည်ဖော်ရန်လိုအပ်သည့် လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်ရန် ဖော်ပြထားပါကြောင်း။

ထို့ပြင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းများကို လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ရန်နှင့် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသည့် စီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရန် ဖော်ပြထားပါကြောင်း။

ပူးတွဲဇယား ခုနစ်ခုဖြင့် ကဏ္ဍကြီးများ၊ ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းနှင့် နှစ်အလိုက်ဈေးနှုန်းများအရ ခွဲခြားပြီး ပိုင်ဆိုင်မှု အခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို ထည့်သွင်းဖော်ပြထားပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)နှင့်အတူ နောက်ဆက်တွဲ လေးခုပါရှိပါကြောင်း၊ နောက်ဆက်တွဲ(၁)တွင် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမဟာဗျူဟာ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး တင်ပြထားပါကြောင်း။

နောက်ဆက်တွဲ(၂)တွင် နိုင်ငံပိုင်အခန်းကဏ္ဍက ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များတွင် ဗျူဟာမြောက်စီမံကိန်းများကို ထည့်သွင်းထားပါကြောင်း၊ နောက်ဆက်တွဲ (၃)တွင် ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရည်မှန်းချက်များ ပါရှိပါကြောင်း၊ နောက်ဆက်တွဲ (၄)တွင် ပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက် အဆိုတင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလီယံနှင့် ၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) တွင် ငွေကျပ် ၇၄ ဒသမ ၅၀၃ ထရီလီယံရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၂ ဒသမ ၆ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊

စာမျက်နှာ ၅ သို့ ❐

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအေးရွှေက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

## ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ရန်ရှိသည့် ဥပဒေကြမ်းများ၊ အဆိုနှင့် မေးခွန်းများကို ယခင်ပုံမှန် အစည်းအဝေးများအတိုင်း မျှမျှတတထည့်သွင်း ဆောင်ရွက်သွားမည်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအစည်းအဝေးကာလအတွင်းတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းစသည်တို့ကို ကန့်သတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမည့် တာဝန်များလည်း ရှိနေပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ရန် ရှိသည့် ဥပဒေကြမ်းများ၊ အဆိုနှင့် မေးခွန်းများကို ယခင်ပုံမှန် အစည်းအဝေးများအတိုင်း မျှမျှတတထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

ယနေ့အချိန်အထိ မိမိတို့နိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ဆဲကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ကိုယ်စားလှယ်များအနေဖြင့် ပေါ့ဆမှုမရှိဘဲ ကပ်ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် ယခုအစည်းအဝေးကာလကို အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရိန်၏ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများနှင့်အညီ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာရသည်ကို သိရှိပါသလား၊ ပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင် တစ်ဦးသည် အခြားပါတီဝင် အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မဟုတ်ပါလား ဆိုသည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသက်ထွန်းက ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၉ တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်အရ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့် ရှိသည့်အတွက် ပါတီတစ်ခုမှ နုတ်ထွက်ခွင့်မရရှိသော ပုဂ္ဂိုလ်တစ်ဦးသည် အခြားနိုင်ငံရေးပါတီတစ်ခုကိုကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်နှင့် ငြိစွန်းပါကြောင်း၊ သို့ရာတွင် ယင်းသို့ ပါတီမှ နုတ်ထွက်ခွင့်မရသည့် အခြေအနေတွင် ၎င်း၏ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်သည်ဟု ဆိုနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲ နေ့ရက်၏ ညနေ ၄နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုလုပ်ရန်နှင့် မဲရလဒ်များ ပေါက်ကြားခြင်းမရှိစေရန် ညွှန်ကြားချက်၊ စည်းကမ်းချက်များ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသက်ထွန်းက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ (က) တွင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံများကို ညနေ ၄နာရီထက်စော၍ ပိတ်နိုင်သည်ဟူ၍ လည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ ၄၂(ခ) တွင် မဲရုံများကို ညနေ ၄နာရီတိတိအချိန်တွင် ပိတ်သည့်အခါ မဲရုံမပိတ်မီ ထိုမဲရုံ



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း



ဒုတိယဝန်ကြီး ဦးသာဦး



ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း



မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်

ပရဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန်ရောက်ရှိနေသူများအနက် ဆန္ဒမဲ မပေးရသေးသူများရှိပါက ယင်းတို့ကို စာရင်းကောက်ယူ၍ ထိုစာရင်းတွင် ပါသူများကိုသာလျှင် ဆန္ဒမဲပေးချိန်ကျော်လွန်ပြီး ဖြစ်စေကာမူ ဆန္ဒမဲပေးခွင့် ပြုရမည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၄၈(ခ) တွင် သက်ဆိုင်ရာမဲရုံအလိုက် ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ချင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်က ဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည် ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊

## ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံအဖွဲ့များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာလိုက်နာနိုင်စေရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချ

ထို့ကြောင့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ ပြဋ္ဌာန်း ဥပဒေများအရ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့် နှင့် မဲရုံအဖွဲ့များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်စေရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ရွေးကောက်ပွဲကာလ နီးကပ်ချိန်တွင် လိုအပ်သောညွှန်ကြားချက်များကို ဥပဒေနှင့်အညီ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏ မိုးမိတ်မြို့နယ်တွင် MPT ဖုန်းလိုင်းများ ကောင်းမွန်စွာ ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်မြို့နယ်အတွင်းရှိ မိုဘိုင်းဆက်သွယ်ရေးစခန်းများ၏ အဝေးဆက်သွယ်မှုစနစ်အတွက် လက်ရှိအသုံးပြုနေသော မိုးကုတ်-မိုးမိတ် မိုက်ခရိုဆက်ကြောင်းသည် နည်းပညာပိုင်းဆိုင်ရာအရ အများဆုံးရရှိနိုင်သည့် Bandwidth Capacity ကို အပြည့်အသုံးပြုထားပြီးဖြစ်ပါကြောင်း၊ ယင်း Capacity အသုံးပြုပြီး မိုဘိုင်းစခန်းပေါင်း ၂၀ကို ဆက်သွယ်ချိတ်ဆက်ထားရသည့်အတွက် မိုဘိုင်းတယ်လီဖုန်း သုံးစွဲသူများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့နေရခြင်းဖြစ်ပါကြောင်း၊

သို့ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုးမိတ်မြို့နယ်အတွင်း ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်စေရန် မိုဘိုင်းစခန်းများ၏ အဝေးဆက်သွယ်မှုစနစ်အတွက် လက်ရှိချိတ်ဆက်အသုံးပြုနေသည့် မိုက်ခရိုဝေ့ဗ် ဆက်ကြောင်းအစား ဖိုင်ဘာဆက်ကြောင်းဖြင့် ပြောင်းလဲချိတ်ဆက် အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် မတ်လကုန်ခန့်တွင် ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ ရမ်းဗြဲမြို့နယ်၊ ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေး တာဝါတိုင်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကန်တော့ပြင်ကျေးရွာအနီး ၁ ဒသမ ၂၄ မိုင်ခန့် အကွာရှိ ကုန်ဘောင်ကျေးရွာတွင် GSM စခန်းတစ်ခုကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေး တာဝါတိုင်တစ်ခု တည်ဆောက်ပေးနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မည့်ဝင်ငွေအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည့် နယ်မြေဒေသများ၌ အခြေခံဆက်သွယ်ရေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်ထားသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏သတ်မှတ် စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါက်တော မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ ပေါက်တောမြို့နယ် ပင်လယ်ကမ်းစပ်ဒေသအချို့တွင် တယ်လီဖုန်းဆက်သွယ်ရေးကောင်းမွန်လာအောင် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးက ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ ပေါက်တောမြို့နယ်အတွင်း ပင်လယ်ကမ်းစပ်ရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုတို့အနက်မှ ကျောက်စုကျေးရွာအုပ်စု၊ မြောက်ပြင်ကျေးရွာအုပ်စုနှင့် ပြိုင်းတောင်ကျေးရွာအုပ်စုတို့တွင် GSM စခန်းများကို တည်ဆောက်ထားပြီးဖြစ်သော်လည်း ဇျိုင်းသစ်ကျေးရွာ အုပ်စု၊ ဖားဒူကျေးရွာအုပ်စုနှင့် ဂြင်းချောင်းကျေးရွာအုပ်စုအစရှိသည့် ကျေးရွာအုပ်စု သုံးအုပ်စုတို့တွင် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးသည်ကို သိရှိရပါကြောင်း၊

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည့် နယ်မြေဒေသများ၌ အခြေခံ ဆက်သွယ်ရေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်ထားသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယ နေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရဲနွယ်ဆည်ရေသောက်စနစ်အတွင်းရှိ ရေအသုံးချသူများအဖွဲ့များ တွေ့ဆုံပွဲ ကျင်းပ

**ကျောက်တံခါး ဇူလိုင် ၁၃**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက ရဲနွယ်ဆည်ရေသောက်စနစ်အတွင်းရှိ ရေအသုံးချသူများအဖွဲ့ (WUG)များနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလွှဲဆည် ရှင်းလင်းဆောင်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ်က ရေအသုံးချသူများအဖွဲ့နှင့်ပတ်သက်သည့် အချက်အလက်များကို စနစ်တကျရှင်းလင်းပြောကြားကာ တောင်သူများသိလို၍ မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရဲနွယ်ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက လယ်ဧက ၆၂၀၀၀ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ရဲနွယ်ဆည်ရေ သောက်စနစ်အတွင်း ရေအသုံးချသူများအဖွဲ့ ၃၈ ဖွဲ့အား အောင်မြင်စွာ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သက်လွင် (ညောင်လေးပင်)**



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ


ဒုတိယဝန်ကြီး
ဦးအောင်ထူး


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးထွန်းထွန်းဦး


ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း


ဧရာဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်အစည်းအဝေးများကို ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သကြားသွင်းကုန်ပမာဏ များပြားလာသည့်အခါ ပြည်တွင်းသကြားထုတ်လုပ်သူများနှင့် ကြံစိုက်တောင်သူများအပေါ် ထိခိုက်နစ်နာဆုံးရှုံးနေရခြင်းများအား လျော့နည်းသက်သာစေရန် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်တွင်းစက်မှုလုပ်ငန်းများတွင် လိုအပ်သည့် သန့်စင်သကြားများကို အကန့်အသတ်ဖြင့်သာ စိစစ်တင်သွင်းခွင့်ပြုခြင်း၊ ကြံနှင့် ကြံထွက်ပစ္စည်းများကို ပြည်ပသို့ လွတ်လပ်စွာတင်ပို့ခွင့်ပြုခြင်း၊ တရားမဝင်သကြားတင်သွင်းမှုများကို တားဆီးဆောင်ရွက်ခြင်းနှင့် ကြံစိုက်ပျိုးသည်မှ ဈေးကွက်သို့ရောက်သည်အထိ ဟန်ချက်ညီညီဆောင်ရွက်နိုင်ရန် ကာလတို၊ ကာလလတ်နှင့် ရေရှည်မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ပန်ဆောင်တွင် နယ်စပ်ဈေးဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးရရှိမှုအပေါ်အခြေခံ၍ အခြားနေရာများတွင် နယ်စပ်ဈေးများ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေး အိန္ဒိယနိုင်ငံဘက်နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ၏ ချင်းပြည်နယ် မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ဆဘောင်းတယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံဘက်သို့ ညှိနှိုင်းအကြောင်းကြားထားဆဲဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းကို သဘောတူလက်မှတ်ရေးထိုးပြီးပါက စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်တွင် နယ်စပ်ဈေးတစ်ခုကို ကနဦးစတင်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပန်ဆောင်တွင် နယ်စပ်ဈေးဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးရရှိမှုအပေါ်အခြေခံ၍ အခြားနေရာများတွင် နယ်စပ်ဈေးများ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေး အိန္ဒိယနိုင်ငံဘက်နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် မကြာမီပေါ်ပေါက်လာမည့် နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းနှင့်အညီ အခြေခံအဆောက်အအုံများကို ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုတင်စီမံထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၏ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာအုပ်စု ကွင်းသုံးဆင့်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးယိုယွင်းနေသော အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကွင်းသုံးဆင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ဆောင် ဖျက်သိမ်းခွင့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ၎င်းကျောင်းဆောင်အစား ပေ (၁၀၀ x ၃၀) RCC နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်တွင် စိစစ်လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ကျောက်တော်မြို့နယ်အတွင်း ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မတင်မှိုင်ချောင်း အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် ကောက်ကျိုက် အခြေခံပညာမူလတန်းကျောင်းတို့တွင် ကျောင်းဆောင်သစ် တစ်ဆောင်စီကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မတင်မှိုင်ချောင်း အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပေ(၁၂၀ x ၃၀) RCC တစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကို လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေခေါင်းစဉ်အောက်တွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ခွဆုံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကောက်ကျိုက် အခြေခံပညာမူလတန်းကျောင်းတို့တွင် ပေ(၁၂၀ x ၃၀) RCC တစ်ထပ်ဆောင်တစ်ဆောင်စီကို ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထပ်မံခွဲဝေလျာထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ မွန်ပြည်နယ် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ x ၃၀ x ၂၀) RC နှစ်ထပ်ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ x ၃၀) RCC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်၏ မြို့နယ်၌ ယခုနှစ် ဦးစားပေးတွင် မပါဝင်ပါကြောင်း၊ သို့သော် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ ပညာသင်ထောက်ပံ့ကြေးများကို အခြေခံပညာရေးကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍတို့တွင် မည်သို့လျှောက်ထားရွေးချယ်ပြီး မည်မျှပေးသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှုးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

❒ စာမျက်နှာ ၃ မှ

ပထမခြောက်လပတ်တွင် ပုံမှန်ဈေးနှုန်းအရ ၆ ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကြုံတွေ့ခဲ့ရသည့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (COVID – 19) ကြောင့် ကမ္ဘာတစ်ဝန်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့အပေါ် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ရှောင်လွှဲ၍မရနိုင်ဘဲ ရောဂါမပြန့်ပွားရေးနှင့် ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး၊ ထိခိုက်များကိုအသက်သာဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း၊ သို့ဖြစ်ရာ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၄ ဒသမ ၃ ရာခိုင်နှုန်းသာ ရရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း။

၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၁၂၅ ဒသမ ၈၀၃ ထရီလီယံရရှိရန် ခန့်မှန်းထားပြီး ဂျီဒီပီတိုးတက်မှုနှုန်းကို ၆ ရာခိုင်နှုန်းရရှိနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ ကဏ္ဍအလိုက် ရည်မှန်းချက်အနေ ဖြင့် လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း။

ငွေရေးကြေးရေးကဏ္ဍတွင် ဈေးနှုန်းများတည်ငြိမ်ရေးကို ထိန်းသိမ်းရန်နှင့် မြန်မာကျပ်ငွေ တန်ဖိုးပိုမိုတည်တံ့ခိုင်မာစေရန်၊ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် ပြည်သူများလိုအပ်နေသည့် ကုန်စည်များထုတ်လုပ်မှု၊ စားသုံးမှု၊ ကုန်စည်စီးဆင်းမှုစသည့် နယ်ပယ်အသီးသီးမှ ပူးပေါင်းဆောင်ရွက်ရန် မျှော်မှန်းထားပါကြောင်း။

ဘဏ္ဍာရေးကဏ္ဍတွင် အခွန်အကောက်ရငွေများ တိုးတက်ရရှိစေရန်၊ အစိုးရအသုံးစရိတ်များကို ပိုမိုထိရောက်စွာစီမံခန့်ခွဲရန်၊ ပြည်သူကို တိုက်ရိုက်အကျိုးပြုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များ ပိုမိုတိုးမြှင့်ပေးရန်၊ ဖွံ့ဖြိုးမှုအတွက်လိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ဆောက်လုပ်ရေးနှင့် စီးပွားရေးအခြေခံအဆောက်အအုံများအတွက် အသုံးစရိတ်များ မြှင့်တင်ပေးရန်၊ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID –19 ကြောင့် ထိခိုက်ခဲ့သည့် ကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာအသုံးစရိတ်များကို ဆက်လက်သုံးစွဲပေးရန် မျှော်မှန်းထားပါကြောင်း။

ယခုနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကိုအခြေခံ၍ ရေးဆွဲထားပါကြောင်း၊ COVID–19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ စီးပွားရေးထိခိုက်မှုရှိပြီး ပုံမှန်ရနေသည့် အခွန်အခများ လျော့နည်းနိုင်ခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် သဘာဝဓာတ်ငွေ့ ရောင်းရငွေများ လျော့နည်းနိုင်ခြင်းစသည်တို့ကြောင့် အစိုးရ၏ ရငွေများလျော့နည်းနိုင်သည့် အခြေအနေနှင့် တစ်ဖက်တွင်လည်း အသုံးစရိတ်များကို အစိုးရက ဦးဆောင်သုံးစွဲပေးမှသာ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်မှုအပေါ် ထိခိုက်မှုကို ကာကွယ်ထိန်းချုပ်နိုင်မည့် အခြေအနေတို့ကိုတွက်ဆ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ယခုနှစ်တွင်လည်း ယခင်နှစ်နည်းတူ လိုငွေနှင့် ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်းထက် ကျော်လွန်ရေးဆွဲတင်ပြထားသည်ကို တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့တွင်ပါရှိသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ ကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့အနေဖြင့် စိစစ်တွေ့ရှိချက်များကို သတ်မှတ်ရက်အမီ ပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့ကလည်း တင်ပြပါ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အတွက် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ဩဂုတ်လ ၇ ရက်မတိုင်မီ လွှတ်တော်သို့တင်သွင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်ရငွေများ ပြည့်ဝစွာကောက်ခံရရှိရေး၊ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး၊ အခွန်ဥပဒေများကို ပိုမိုလေးစားလိုက်နာလာစေရေးတို့အတွက် ယခုနှစ် အခွန်အကောက်ဥပဒေမူကြမ်းကို ပြုစုတင်ပြထားကြောင်း၊ လွှတ်တော်ရေးရာကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းအပေါ် အကြံပြုချက်များကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၀ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေမူကြမ်းအပေါ် လွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း– မော်စီ၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ– ကျော်ဇင်ထိုက်**

## (၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

# အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွား စဝ်စံထွန်း

**၁၉၀၇ ခုနှစ် မေလ ၃၁ ရက် သောကြာနေ့တွင် ရှမ်းပြည် (တောင်ပိုင်း) မိုင်းပွန်မြို့၌ ဖွားသည်။ အဖ မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီး၊ အမိ မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥ ဖြစ်သည်။ ငယ်မည်မှာ စဝ်သာထွန်း ဖြစ်သည်။ ဖခင်ဖြစ်သူ စော်ဘွားကြီး စဝ်ခွန်ထီးမှာ အသက် ၇ နှစ်အရွယ်ကပင် မင်းတုန်းမင်း၏ မွေးစားသားအဖြစ် နန်းတွင်း၌ ကြီးပြင်းခဲ့၍ သီပေါမင်း ပါတော်မူချိန်တွင် လင်းပင်မင်းသား၏ ဦးဆောင်မှုကိုခံယူကာ ဗြိတိသျှတို့အား လက်နက်ကိုင် တော်လှန်ခဲ့သူဖြစ်သည်။ သတ္တိ ဗျတ္တိ အမြော်အမြင်နှင့်ပြည့်စုံ၍ လင်းပင်အုပ်စု၏ ဦးနှောက်နှင့်ဓားဟု တင်စားခံရသည်။**

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ၅ နှစ်အရွယ်တွင် တရားမ စာရေးကြီး ဦးစံဖေထံမှ မြန်မာစာပေနှင့် အင်္ဂလိပ်စာ သင်ယူသည်။ ၇ နှစ်တွင် တောင်ကြီး ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်း (အထက ၂၊ တောင်ကြီး)၌ ပညာဆက်လက်သင်ရာ ၁၀ တန်းအောင်သည်။ ထို့နောက် မိတ္ထီလာမြို့ စက်ရှင်တရားသူကြီး ဦးကျောက်တိုင်ရုံး၌ ခြောက်လ အလုပ်သင်၊ ထို့နောက် မန္တလေး ရဲအုပ်သင်တန်းကျောင်း၌ ခြောက်လ သင်တန်းတက်သည်။

ရဲအုပ်သင်တန်းဆင်းပြီး ဗန်းမော်တွင် အလုပ်သင် ရဲဝန်ထောက်အဖြစ် ခေတ္တဆောင်ရွက်သည်။ ထို့နောက် တောင်ကြီးမြို့ ရှမ်းပြည်မင်းကြီးရုံး၌ တာဝန်ထမ်းဆောင်သည်။ ၁၉၂၈ ခုနှစ် ဇွန်လ ၂၇ ရက် ဗုဒ္ဓဟူးနေ့တွင် အခမ်းအနားဖြင့် "စော်ဘွား" အရိုက်အရာဆက်ခံ၍ မိုင်းပွန်စော်ဘွားအမည် တွင်ခဲ့သည်။

၁၉၃၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် သောကြာနေ့တွင် မိုးမိတ်စော်ဘွားကြီး စဝ်ခင်မောင် (စီအိုင်အီး၊ ကေအက်စ်အမ်)၊ မဟာဒေဝီစောနန်းအိမ်တို့၏ သမီးတော် စဝ်ခင်သောင်းနှင့် လက်ထပ်သည်။ ယောက်ဖတော် မိုးမိတ်စော်ဘွား စဝ်ခွန်ချိုမှာ လွတ်လပ်ရေးရပြီးနောက် ရှမ်းပြည်နယ် ဥက္ကဋ္ဌ၊ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထင်ရှားသည်။

မိုင်းပွန်စော်ဘွားကြီး၏ ဥပဓိရုပ်မှာ မျက်နှာဝိုင်း၊ နဖူးကျယ်၊ မျက်လုံး ပြူးကာ နားရွက်ကား၍ ကြီးသည်။ အသားမှာ အနီရောင်သမ်းသည်။ အရပ် ၅ ပေ ၆ လက်မ ရှိသည်။ လူမှုဆက်ဆံရေးပြေပြစ်သည်။ အောက်လက်ငယ်သားများ၏ ချစ်ခင်လေးစားမှုခံရသည်။ ဘာသာရေးကိုင်းရှိုင်း၍ ကွမ်း၊ ဆေး၊ အရက်သေစာရှောင်ကြဉ်သည်။ ငယ်စဉ်က ကျန်းမာရေးလိုက်စား၍ တင်းနစ်၊ ခရစ်ကက်၊ ဟော်ကီ၊ ဘောလုံးကစားသည်။ ဂိုးနှင့် ရှေ့တန်း ဘယ်ဝင်းကစားသမားအဖြစ် ထင်ရှားသည်။ ဂီတကိုလည်း ချစ်မြတ်နိုး၍ လေ့လာလိုက်စားသည်။ ပတ္တလား၊ လက်ဆွဲဘာဂျာ၊ ဘင်ဂျို၊ မယ်ဒလင်တို့ကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်သည်။ မြန်မာသီချင်းကြီး သီချင်းခံများ ရသည်။ စက်မှုလယ်ယာ၊ စိုက်ပျိုးမွေးမြူရေး ဝါသနာပါ၍ ခာတ်သတ္တုတူးဖော်ရေး၊ သမဝါယမလုပ်ငန်းများကိုလည်း စိတ်အားထက်သန်သည်။ ကိုယ်ပိုင်စာကြည့်ခန်းငယ်တွင် အင်္ဂလိပ်-မြန်မာစာအုပ်များထား၍ လေ့လာသည်။ နဂါးနီထုတ် နိုင်ငံရေးစာပေများကိုလည်း ဖတ်ရှုသည်။

မိုင်းပွန်စော်ဘွားကြီးသည် အခြားစော်ဘွားကြီးများကဲ့သို့ ဟော်နန်းတွင် ဇနီး အများမထား၊ မဟာဒေဝီတစ်ဦးသာ ထားသည်။ မဟာဒေဝီ စဝ်ခင်သောင်းနှင့် သား နှစ်ဦး စဝ်ဆေဟုမ်၊ စဝ်ကိုင်ဖ၊ သမီး နှစ်ဦး စဝ်သုနန္ဒာ၊ စဝ်မြင့်ကြည်တို့ ထွန်းကားသည်။ မဟာဒေဝီမှာ ၁၉၄၅ ခုနှစ် ဂျပန်အပြေးတွင် မိုင်းပွန်တောတွင်း၌ ကွယ်လွန်ခဲ့သည်။ မဟာဒေဝီ ကွယ်လွန်ပြီး မိုင်းပွန်စော်ဘွားကြီးသည် ဒုတိယ မဟာဒေဝီ မထားဘဲ သားသမီး လေးယောက်ကိုသာ ဂရုတစိုက်စောင့်ရှောက်ခဲ့သည်။ မဟာဒေဝီ၏ အသုဘအခမ်းအနားတွင် နယ်ရှင်စော်ဘွားများ စုဝေးမိရာမှ စစ်အပြီး နိုင်ငံရေးအပြောင်းအလဲတွင် ရှမ်းပြည်နှင့် နယ်ရှင်စော်ဘွားများ၏အနာဂတ်အတွက် နည်းလမ်းရှာရန် မိုင်းပွန်စော်ဘွားကြီးအား တာဝန်ပေးအပ်ခဲ့သည်။

မိုင်းပွန်စော်ဘွားကြီး၏ ကြိုးပမ်းမှုဖြင့် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ရှမ်းပြည် မိုင်းကိုင်မြို့၌ နယ်ရှင်စော်ဘွားများစုဝေး၍ အစည်းအဝေးကျင်းပသည်။ ထိုမိုင်းကိုင်အစည်းအဝေးတွင် "စဝ်ဖလုံကောင်စီ" ကို ဖွဲ့စည်းသည်။ စဝ်ဖလုံကောင်စီဝင်များအနက် ညောင်ရွှေစဝ်ဖလုံ စဝ်ရွှေသိုက် (ရှမ်း)၊ သထုံ စဝ်ဖလုံခွန်ကြည် (ပအိုဝ်း)၊ သာမိုင်းခမ်း စဝ်ဖလုံ စဝ်ထွန်းအေး(ခနေ့)၊ တောင်ပိုင် စဝ်ဖလုံ ခွန်ပန်းစိန် (ပလောင်)၊ မိုးမိတ် စဝ်ဖလုံ စဝ်ခွန်ချို(ရှမ်း)၊ မြောက်သိန္နီ စဝ်ဖလုံ စဝ်ဟုန်ဖ (ရှမ်း)တို့နှင့်အတူ မိုင်းပွန် စဝ်ဖလုံ စဝ်စံထွန်း(ရှမ်း) သည် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။

စဝ်ဖလုံကောင်စီက ကြီးမှူး၍ ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်မှ ၂၈ ရက်အထိ ရှမ်းပြည်(တောင်ပိုင်း) ပင်လုံမြို့တွင် ဒုတိယအကြိမ် အစည်းအဝေးနှင့် ဟောပြောပွဲ၊ ပြပွဲ၊ ဆွေးနွေးပွဲများ ကျင်းပရာ ရှမ်းပြည်လူငယ်ခေါင်းဆောင် ကိုတင်ဧ၊ ကိုထွန်းမြင့်၊ ကိုခွန်ထီးတို့ ဦးဆောင်မှုဖြင့် ရှမ်းပဒေသရာဇ်စော်ဘွားများနှင့် ရှမ်းပြည်လူထုပူးပေါင်းခဲ့သည်။ ရှမ်းစော်ဘွားများအနက် မိုင်းပွန်စော်ဘွားသည် ရှမ်းလူငယ်ခေါင်းဆောင်များနှင့် အရင်းနှီးဆုံးဖြစ်လာသည်။ ဤအစည်းအဝေးကို ဖဆပလအဖွဲ့ချုပ်မှ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်။ အခြား နိုင်ငံရေးအဖွဲ့အစည်းများမှ နန်းရင်းဝန်ဟောင်း ဦးစော၊ မိတ္ထီလာ



ဦးဘရင်နှင့် ကချင်ခေါင်းဆောင်အချို့ တက်ရောက်ရာ ပထမ ပင်လုံအစည်းအဝေးဟု ခေါ်တွင်ခဲ့သည်။ ဤအစည်းအဝေးတွင် မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ခေတ်မီစက်မှုလယ်ယာစိုက်ပျိုးရေးအကြောင်း ဟောပြောသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ပြည်မနှင့် တောင်တန်းဒေသများ သွေးစည်းညီညွတ်ရေးအတွက် ပင်လုံညီလာခံ ကျင်းပခဲ့သည်။ ညီလာခံကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ ကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားများ၊ ကချင်ဒူဝါများ၊ ချင်းခေါင်းဆောင်များနှင့် တောင်တန်းဒေသ လူထုခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ ကရင်တိုင်းရင်းသားခေါင်းဆောင်အချို့လည်း လေ့လာသူအဖြစ် ရောက်ရှိလာသည်။ ဗြိတိသျှအစိုးရဘက်မှ ဒိုမီနီယံဆိုင်ရာ အတွင်းဝန် ဘော့တွမ်မလေ(A.G Bottomeley)၊ မြန်မာနိုင်ငံ နယ်ခြားဒေသဆိုင်ရာ မင်းကြီး မစ္စတာ စတီဗင်ဆင် (Mr.Stevenson)နှင့် အရာရှိကြီးငယ်များ တက်ရောက်သည်။ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသခေါင်းဆောင် ၂၃ ဦးတို့ အခက်အခဲအမျိုးမျိုးကို ကျော်လွှား၍ တညီတညွတ်တည်း ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာ မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ပင်လုံစာချုပ် ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့"က တောင်တန်းဒေသဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို ရွေးချယ်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ဝင် ဖြစ်လာသည်။

၁၉၄၇ ခုနှစ် မေလ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ရှမ်းပြည်လွှတ်တော်အစည်းအဝေးတွင် မိုင်းပွန်စော်ဘွားကြီးသည် တိုင်းပြုပြည်ပြုလွှတ်တော်၏ ရှမ်းပြည်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်ခံရကာ တိုင်းပြုပြည်ပြုလွှတ်တော်၏ ပြည်ထောင်စုနှင့် ပြည်နယ်ဆိုင်ရာဆပ်ကော်မတီဝင်၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အခြားဝန်ကြီးများနှင့်အတူ လုပ်ကြံခံခဲ့ရသည်။ နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ ။

**ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသခေါင်းဆောင် ၂၃ ဦး တို့ အခက်အခဲအမျိုးမျိုးကို ကျော်လွှား၍ တညီတညွတ်တည်း ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာ မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့"က တောင်တန်းဒေသဝန်ကြီးအဖြစ် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို ရွေးချယ်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ဝင်ဖြစ်လာသည်။**



**မိုင်းပွန်စော်ဘွား စဝ်စံထွန်း**

**(၁၉၀၇ – ၁၉၄၇)**

ကိုလိုနီခေတ် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးအဆင့် တောင်တန်းနှင့်ပြည်မ ပူးပေါင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်ထောင်ရေးတို့အတွက် အရေးပါလှသော သမိုင်းဝင် "ပင်လုံစာချုပ်"ကို လက်မှတ်ရေးထိုးသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ပင်လုံစာချုပ် ချုပ်ဆိုအပြီး ပထမဆုံးသော တောင်တန်းဒေသဝန်ကြီးအဖြစ် ရွေးချယ်ခံရသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသား အစိုးရအဖွဲ့တွင် တောင်တန်းဒေသရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများအစည်းအဝေးပြုလုပ်နေစဉ် မသမာသူလူတစ်စု၏ လုပ်ကြံမှုဖြင့် ဗိုလ်ချုပ်နှင့်အတူ ကျဆုံးခဲ့ရသည်။ လူသတ်သမား၏ သေနတ်ဒဏ်ရာဖြင့် ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်ခဲ့ပါသည်။ လုပ်ကြံမှုမတိုင်မီ ဇူလိုင်လ ၁၈ ရက်ညတွင် ရန်ကုန်မြို့ ရွှေတောင်ကြားရပ် လောင်းဝစ္စလမ်း မြန်မာ့အသံညွှန်ကြားရေးဝန် ဦးခင်ဇော်(K)ထံ ခေတ္တပြောင်းရွှေ့နေသော ပြန်ကြားရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချိုထံ လာရောက်လည်ပတ်ရင်း မြန်မာ့အသံဝန်ထမ်း ဦးဖေသော်၏ဇနီး ရှမ်းအမျိုးသမီး ဒေါ်လှထယ်အား မိုင်းပွန်စော်ဘွားကြီးက "ငါတော့ ဝန်ကြီးလုပ်ပြီး သေနတ်နဲ့ အပစ်ခံရတာထက် ကိုယ့်သတ္တုတွင်းမှာပဲ သတ္တုတူးသမား လုပ်နေချင်တော့တယ်"ဟု နောက်ဆုံးပြောခဲ့ပါသည်။

## မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိနိုင်

ကျွန်ုပ်တို့ ဗမာပြည်အကြောင်းကို ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာ မြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြင်ပပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ ဘာမှ ရှိမှာမဟုတ်ဘူး။ အားလုံးစည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၃-၁-၁၉၄၇ ရက်နေ့ လန်ဒန်မြို့တွင်
နန်းရင်းဝန်အက်တလီနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့် မိတ်ဆက်စကားမှ ကောက်နုတ်ချက်)





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၀ ပြည့်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီက ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အခမ်းအနားကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ခွင့်ပြုပြီးဖြစ်သည့်အတွက် ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ဇူလိုင် ၂၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဒ္ဓ မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားလာသည့် အခြေအနေအရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၂၅ ပါး၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ၁၁ ပါး စုစုပေါင်း ၃၆ ပါးတို့ကို ပင့်ဆောင်၍ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုတို့ကို ဇူလိုင် ၉ ရက်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် ဆပ်ကော်မတီအသီးသီးတို့အနေဖြင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် ယခင်နှစ်များက အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး အခမ်းအနားကြီး အောင်မြင်စွာပြီးမြောက်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထူးအားဖြင့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ၊ အကြံပြုချက်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆပ်ကော်မတီအသီးသီးက တိကျစွာလိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေး ဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများက လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အခမ်းအနား ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**တောင်ကြီး ဇူလိုင် ၁၃**

ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ရည်ညွှန်းစာစောင်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရှမ်းပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဦးစီးအဖွဲ့ဝင်များ ဖတ်ရှုလေ့လာနိုင်ရန်နှင့် စာကြည့်တိုက်များတွင် ထားရှိလေ့လာနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတို့၌ အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖြောင့်မတ်တည်ကြည်မှုရှိရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း နှစ်ခု ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၂၀ ပြည့်နှစ် ကိုဗစ်–၁၉ ကာလအတွင်း၌ အလုပ်ရုံဆွေးနွေးပွဲများ မဆောင်ရွက်နိုင်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုစာစောင်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသို့ ဖြန့်ဝေပေးလျက် ရှိပါကြောင်း။

၂၀ ရာစုသည် ဒီမိုကရေစီဝါဒ၊ ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့၏ ဝါဒသဘောတရားရေး အားပြိုင်ခဲ့သော ကာလဖြစ်ပြီး ၂၁ ရာစုတွင်မူ ဒီမိုကရေစီဝါဒအပေါ် အများစုလက်ခံယုံကြည်လာကြပြီးဖြစ်၍ “လုပ်ပိုင်ခွင့်ရှိသူများက အများပြည်သူအကျိုးကို ပုဂ္ဂလိကအကျိုး၊ အဖွဲ့အစည်းအကျိုးထက် မည်မျှအထိကျယ်ပြန့်စွာ ဦးစားပေးဆောင်ရွက်နိုင်သနည်း”ဆိုသည့် အချက်အပေါ် အပြိုင်အဆိုင် လုပ်ပြနေရသည့် ကာလဖြစ်ကြောင်းကို ဖူကူယားမားကဲ့သို့သော ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးသိပ္ပံပညာရှင်များက အခိုင်အမာပြောဆိုလျက်ရှိကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မှန်ကန်သောယုံကြည်မှု၊ မှန်ကန်သော တန်ဖိုးထားမှုများဖြင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာလျက် အများပြည်သူ အကျိုးစီးပွားအတွက် မိမိတို့နှင့် သက်ဆိုင်ရာနယ်မြေ အလုပ်ဌာနများ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စများကို ရဲရင့်တည်ကြည်စွာ ပြောဆိုလုပ်ကိုင်သွားနိုင်ရန် အတွက် ဤရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ရှင်းလင်းဖော်ပြထားသော “အဂတိလိုက်စားမှုနှင့်အတူ ယုံကြည်မှုများ ယိုယွင်းပျက်စီးလာခြင်း Video Clip”အား ပြသသည်။



ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များထံသို့ ရည်ညွှန်းစာစောင် ၁၉၉ စုံတို့ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေး၊ အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်စေရေးတို့ကို နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများ၊ လုပ်သားပြည်သူများနှင့်အတူ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် “အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရန်နှင့် အရေးယူဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ပြတ်သားစွာဆောင်ရွက်ရန်” မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် “အဂတိလိုက်စားမှု ဆန့်ကျင်ဖို့၊ ညီညွတ်ကြပါစို့”ဆိုသည့် ကုလသမဂ္ဂ၏ ဆောင်ပုဒ်အတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အဂတိလိုက်စားမှု လျော့နည်းပပျောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရည်ညွှန်းစာစောင်များအား ဖြန့်ဝေပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဗန်းမော်စာပေတိုက်မှ ထုတ်ဝေသော ဆရာ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ မြန်မာ့အာဇာနည်ခေါင်းဆောင် ဆရာကြီး ဦးရာဇတ် စာအုပ်မှ အခန်း (၁၀)ပါ ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီးကို ဆရာ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ မိသားစုထံမှ ခွင့်ပြုချက်ဖြင့် ပြန်လည်ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

# ပါဠိနှင့် အင်္ဂလိပ်စာ စွယ်စုံတော်သည့် ဆရာကြီး

## ဝမ်းအိုဝမ်းကျော်ဝင်းမောင်

(ယမန်နေ့မှအဆက်)

နဝမမြောက် ဂျီစီဘီအေ နိုင်ငံရေးကွန်ဖရင့်မှာ ဆရာကြီးရဲ့ အင်္ဂလိပ်စာ အရေးအသားကောင်းပုံကို ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း ဦးထွန်းမောင်က မန္တလေးဗဟိုရိရစည်သတင်းစာတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားပါတယ်။

နဝမမြောက် ဂျီစီဘီအေ ကွန်ဖရင့် တစ်မျိုးသားလုံး မြန်မာပြည်စည်းရုံး ညီညွတ်သည့် အချိန် ၁၂၈၂ ခုနှစ် မန္တလေးမြို့တွင် ကျင်းပပြုလုပ်ရန် စိုင်းပြင်းသည့်အခါ နဝမမြောက် ဂျီစီဘီအေ၏ "ဧည့်ခံကော်မတီဥက္ကဋ္ဌ ဒီပဲရင်း ဝန်ထောက်မင်း ဦးမြ၏ နှုတ်ခွန်းဆက် မိန့်ခွန်းစကားများကို ဦးဘဦး၊ ဦးဘဖေ၊ ရွှေဘို ဦးမောင်မောင်ကလေး၊ သူဌေးတန်း ဦးဘတင် (ဦးထွန်းရှိန်၏ညီ)၊ ဦးသူတော် (သမဝါယမ)နှင့် ဆရာကြီး ရာဇတ် ခေါ် ဘာဘူကြီးတို့ ခေါင်းချင်းရိုက် တိုင်ပင်ကြပြီး မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း စာချောရေးသားစီကုံးရန် ဆရာကြီးအား တာဝန်ပေးလိုက်၏။ ထိုစဉ်အခါ အစိုးရမှာ ဧည့်ခံကော်မတီဥက္ကဋ္ဌ မိန့်ခွန်းစကားများကို ကြားသိရသောအခါမှစ၍ အင်္ဂလန်ပြည် အစိုးရကက်ဘိနက်အဖွဲ့ကပင် ကြက်သီးမွေးညင်း ထွက်တော့၏။ အဲဒီအချိန်က ပေါ်လာသော စကားတစ်လုံးသည်ကား အင်္ဂလိပ်လူမျိုးများကို မြန်မာများက ခွေးပြဟု စတင်ခေါ်ကြလေ၏။

မြန်မာပြည် ဒိုင်အာခီအုပ်ချုပ်ရေးအစိုးရလက်ထက် မန္တလေး အမတ် (ဗဟိုအမျိုးသားအထက်တန်းကျောင်း ဆရာဟောင်း) ဦးဘဖေသည် လွှတ်တော်အစည်းအဝေးတွင် နိုင်ငံခြားသို့ ပညာတော်သင် တစ်နှစ်လျှင် ခြောက်ယောက်မှ ၁၂ ယောက်အထိစေလွှတ်ရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ဆရာကြီး ရာဇတ်အား အင်္ဂလိပ်လို ပြင်ဆင်ပေးရန် ပြော၍ ဆရာကြီးက ၎င်းအဆိုနှင့်ပတ်သက်၍အထောက်အထားအချက်အလက် ပြည့်စုံစွာဖြင့် တန်ဆာဆင်ပေးသော အဆိုလွှာကို ရေးသားပေး၏။ လွှတ်တော်အစည်းအဝေးတွင် အမတ် ဦးဘဖေက ထိုအဆိုကို ဖတ်ပြတင်သွင်းရာ ရန်ကုန်မြို့ထုတ် အင်္ဂလိပ်သတင်းစာ အစောင်စောင်တို့က ဦးဘဖေ၏ အဆိုလွှာကို ချီးကျူးထောမနာ ဩဘာပေးကြကြောင်း ဖတ်ရှုရလေသည်။

အရေးကြီးသောစာများ၊ အကြောင်းအရာများ မကြာခဏ ကိစ္စများ ပေါ်ပေါက်တိုင်း အင်္ဂလိပ်ဘာသာဖြင့် ရေးပေးရသူကား သူတစ်ပါး၏ အလုပ်လျှောက်လွှာမှစ၍ နိုင်ငံတော်ကိစ္စ အင်္ဂလိပ်ပါလီမန်ထံ ခေတ်ပညာတတ်၊ ခေတ်ပညာရှိ စာဆိုတော် ဆရာကြီး ဦးရာဇတ်ပင် (နေရှင်နယ်ကန့်လန့်ကာ နောက်မှနေလျက် ရေးရရှာ၏) ဖြစ်တော့သည်။

အင်္ဂလိပ်စစ်တပ်တွေ မန္တလေးကို သိမ်းပြီးတဲ့နောက် မန္တလေးကို စစ်အုပ်ချုပ်ရေး (C.A.S. (B))အစိုးရအုပ်ချုပ်ထားတယ်၊ စစ်အုပ်ချုပ်ရေးမှူးက ကာနယ်တစ်ယောက်ဖြစ်တယ်၊ စစ်မဖြစ်ခင်က ဒီကာနယ်ကြီးဟာ အရေးပိုင် (အိုင်စီအက်စ်) တစ်ယောက်ပဲ၊ စစ်ဖြစ်လာတော့ စစ်ရာထူးယူပြီး စစ်အုပ်ချုပ်ရေးရာထူးရ ကာနယ်ရာထူးအဆင့်နဲ့ တာဝန်ယူလာခဲ့ရသူတဲ့။

စစ်အုပ်ချုပ်ရေးအတွင်းမှာပဲ ဆရာကြီးက ခေါင်းဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့ထားချိန် ဖြစ်တယ်၊ အိုင်စီအက်စ်တစ်ယောက်ဖြစ်ပြီး ဆက်ဆံရေးဟာ ပြေပြစ်မှုမရှိဘူး၊ ဆက်ဆံရေး ကြမ်းတမ်းတယ်ဆိုပြီး ဆရာကြီးက အထက်ကို စာရေးတင်တယ်၊ ဆရာကြီးရေးတဲ့ စာထဲမှာပါတဲ့ စာကြောင်းတစ်ကြောင်းက "The Crown and the pip got the better of I.C.S." ဆိုပြီး ဖော်ပြတယ်၊ စစ်ရာထူး ပခုံးပေါ်က သရဖူနဲ့ ကြယ်ပွင့်တွေဟာ အလွန်သိမ်မွေ့တဲ့ အိုင်စီအက်စ် တစ်ယောက်အပေါ် လွှမ်းမိုးနိုင်ခဲ့တဲ့အတွက် အိုင်စီအက်စ်တစ်ယောက်ရဲ့ ဆက်ဆံရေးဟာ စစ်သားတစ်ယောက်လို ကြမ်းတမ်းခက်ထရော်တယ်လို့ ရေးသားဖော်ပြလိုက်ပါသတဲ့။




အဲဒီလို ယဉ်ယဉ်လေး တွယ်ထည့်လိုက်ပြီး မကြာခင်ဘဲ ကာနယ်ကြီးဟာ မန္တလေးက ပြောင်းရွှေ့သွားရပါတယ်၊ သူပြောင်းခါနီးမှာ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို ဖိတ်ပြီး နှုတ်ဆက်ပွဲ ကျင်းပတယ်၊ အင်္ဂလိပ်ကာနယ်ကြီးက ဆရာကြီးကို ဒီပါတီပွဲမှာ ဆက်ဆက်တက်ရောက်ဖို့ ဖိတ်ပေးပါလို့ ဆိုင်ရာကို အမိန့်ပေးတယ်၊ ဆရာကြီးလည်း ဖိတ်ကြားချက်အရ ပါတီပွဲသွားတက်ပါတယ်၊ ကာနယ်ကြီးက ကျေးဇူးတင်စကားပြောရင်းက ဆရာကြီးရဲ့ ရေးသားချက်ကို ဟောဒီလို ပြန်လည်ရှင်းပြသွားပါသတဲ့။

"ကျွန်ုပ်ဟာ အသွင်သဏ္ဌာန်မှာကတော့ စစ်သားတစ်ယောက်ပဲ။ ဒါပေမဲ့ အတွင်းစိတ်မှာကတော့ အိုင်စီအက်စ်တစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့တဲ့ စိတ်ထား အပြည့်ရှိပါတယ်၊ အဲဒါကြောင့် ကျုပ်အပေါ် အမြင်မှန်မှန်နဲ့ မြင်နိုင်ပါစေလို့ ပန်ကြားအပ်ပါတယ်" ဒီစကားတွေရဲ့ အဓိပ္ပာယ်ကို ဆရာကြီးနဲ့ ကာနယ်ကြီးတို့ နှစ်ဦးပဲ နားလည်ကြပါသတဲ့။

ဆရာကြီးရဲ့ ကလောင်ဟာ ဒီလောက်ထက်တယ်ဆိုတဲ့ အကြောင်းကို မန္တလေး တယ်လီဖုန်းဆက်သွယ်ရေး အင်ဂျင်နီယာ ဦးသာဒွန်းက သူသိရှိချက်အဖြစ်မှန်အတိုင်း ကျမ်းပြုသူကို ပြောပြခဲ့ပါတယ်။ ဒါကြောင့် တစ်ဆင့် ဖောက်သည်ချလိုက်ခြင်း ဖြစ်ပါတယ်။

ဆရာကြီးဟာ အင်္ဂလိပ်စာတတ်၊ အင်္ဂလိပ်တစ်ယောက်နဲ့ တန်းတူရည်တူ အင်္ဂလိပ်စာ တတ်မြောက်တာဟာ သိပ်မဆန်းဘူးလို့ ပြောတယ်တဲ့၊ သူပြောတာက "အင်္ဂလိပ်စာတတ်ချင်ရင် အင်္ဂလိပ်စာများများဖတ်ရမယ်"တဲ့၊ အဲဒါ အပြောအတိုင်းလည်း သူဟာ ပိုက်ဆံရှိရင် အင်္ဂလိပ်စာအုပ်ဟောင်းတွေပဲ ဝယ်ဝယ် ဖတ်သတဲ့၊ သူ့ကျောင်းမှာရှိတဲ့ စာကြည့်တိုက်က စာအုပ်တွေဆိုရင်လည်း သူမဖတ်ဖူးတာ မရှိဘူး။

စာသင်ချိန် ကျောင်းလုပ်ငန်းချိန်မှလွဲရင် စာကြည့်တိုက်ရှိ စာအုပ်တွေ သူချည်းပဲ ဖတ်နေတယ်၊ စာဖတ်လောဘကြီးသူတဲ့။ (Oxford Dictionary) ကြေသူ ဖြစ်ပါသေးသတဲ့။

❖ ကျောင်းစာကြည့်တိုက်က စာအုပ်ငှားဖတ်တဲ့ ကျောင်းသားတွေဆိုရင်လည်း တစ်ခါတစ်ခါ သူက ခေါ်တွေ့ပြီး သူတို့ စာကြည့်တိုက်ကငှားရမ်းဖတ်တဲ့ စာအုပ်ကို တကယ်ဖတ်၊ မဖတ် မေးခွန်းထုတ်မေးပြီး စစ်ဆေးလေ့ရှိ

❖ ဆရာကြီးကမူ သူ့အသက်သွေးချွေးနဲ့ ကိုယ်ခန္ဓာတစ်ခုလုံးကို ပြည်သူ့အတွက် လှူဒါန်းထားပြီးတဲ့ လူမို့လားမသိ ပြည်သူ့တာဝန်ကို အသပြာငွေ တစ်စမှမယူဘဲ တစ်ထိုင်တည်း လုပ်ကိုင်ပေးလိုက်တာချည်း ပါပဲတဲ့

ကျောင်းစာကြည့်တိုက်က စာအုပ်ငှားဖတ်တဲ့ ကျောင်းသားတွေဆိုရင်လည်း တစ်ခါတစ်ခါ သူက ခေါ်တွေ့ပြီး သူတို့ စာကြည့်တိုက်ကငှားရမ်းဖတ်တဲ့ စာအုပ်ကို တကယ်ဖတ်၊ မဖတ် မေးခွန်းထုတ်မေးပြီး စစ်ဆေးလေ့ရှိတယ်။

စာအုပ်ကို အမြဲဖတ်တယ်၊ လမ်းလျှောက်ရင်လည်း စာအုပ်နဲ့ ဆေးပေ့ါလိပ်ဟာ သူ့ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းပဲ ဖြစ်နေတယ်။ အမြဲတမ်း စာဖတ်တော့လည်း ဒီလိုစာတော်လာတာ မဆန်းဘူးလို့ ဆိုရခြင်းပါ။

နွေရာသီကျောင်းပိတ်ချိန် မန္တလေး ဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဒုတိယအကြိမ်မြောက် ညီလာခံသဘင်ကြီး ကျင်းပတယ်။ ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုလှရွှေ အမ်ဘီဘီအက်စ် (ဗိုလ်လကျ်ာညီ)၊ စစ်ကိုင်း ကိုညွန့် (သံအမတ်ဟောင်း)၊ ဦးထွန်းအုံ (ရန်ကုန် မြူနီစပါယ်မင်းကြီးဟောင်း) ဗိုလ်ခင်မောင်ကလေး၊ ကိုသိန်းအောင် (အမ်အေဒေါ်အုံးရဲ့ မောင်)၊ ရာရှစ်အစ ရှိတဲ့ ခေါင်းဆောင်များလည်း အစုံအညီ တက်ရောက်ကြပါတယ်၊ ဒီညီလာခံမှ အိန္ဒိယခေါင်းဆောင် နေရူးနဲ့ အင်ဒီယာဂန္ဓီတို့ သားအဖလည်း တက်ရောက်တယ်၊ ညီလာခံမှာ ကိုအောင်ဆန်းက အင်္ဂလိပ်လို မိန့်ခွန်းပြောဖို့ ဖြစ်တယ်၊ သူ့မိန့်ခွန်းကို အင်္ဂလိပ်လိုရေးပြီး ဆရာကြီး ဦးရာဇတ်ကို တည်းဖြတ်ဖို့ပေးတယ်။ ဆရာကြီးက တည်းဖြတ်ပေးရင်း ဆရာဦးထွန်းမောင်ကို "ဒီကောင်နေရာကျမယ်၊ အင်္ဂလိပ်စာ အရေးအသားလည်း ကောင်းတယ်၊ အယူအဆလည်း ကောင်းတယ်၊ ကြီးပွားဦးမှာပဲတဲ့"လို့ ကိုအောင်ဆန်းနဲ့ပတ်သက်ပြီး ပြောပြလိုက်သတဲ့။ (ဒီတုန်းက ဆရာကြီးက ကျောင်းဆရာကြီး၊ ဗိုလ်ချုပ်အောင်ဆန်းက ကောလိပ်ကျောင်းသားပဲ၊ ကျောင်းဆရာဆိုတာက တပည့်တပန်းတွေကို "ဒီကောင် ဟိုကောင်"အဲဒီလို ခေါ်လေ့ခေါ်ထရှိလို့) ဦးထွန်းမောင်က ကျမ်းပြုသူကို ပြောပြလို့ သူ့အခေါ်အတိုင်း ရေးသားဖော်ပြချက်ကို ခွင့်လွှတ်ကြပါရန်

(ကျမ်းပြုသူ)

ဒီလိုအင်္ဂလိပ်စာကို အင်္ဂလိပ်စာတတ်–အင်္ဂလိပ်တစ်ယောက်ထက်တော့ သူ့ပညာမသာတောင် တန်းတူလိုက်နေကြောင်း၊ ပြီးခဲ့တဲ့ ဆောင်းပါးများနဲ့ အဖြစ်အပျက်တွေက အကောင်းဆုံး သက်သေခံခဲ့တယ်။

ဒီအထဲ အရပ်ထဲက ရုံးကနားနဲ့ ပတ်သက်တာပဲဖြစ်ဖြစ်၊ နိုင်ငံရေး၊ လူမှုရေးကိစ္စတွေနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဆရာကြီးထံ လာရောက် အကူအညီတောင်းကြပါတယ်၊ ဆရာကြီးကလည်း သူ့ပညာကို အခကြေးငွေနဲ့ တန်ရာတန်ဖိုးရမှလုပ်မယ်လို့ နှုတ်ကလည်း ရေလာမြောင်းပေးမပြော၊ ဟန်အမူအရာကလည်း မပြောဘဲ ချက်ချင်းကောက်ကာငင်ကာ လုပ်ပေးလေ့ရှိတယ်။

အစိုးရဝန်ထမ်းတွေ ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူ့ငွေနဲ့ ပြည်သူ့ကိုယ်စား အစိုးရကဝန်ထမ်းတွေကို လခကြီးငယ်ပေးပြီး ခန့်ထားပါတယ်၊ ဒါကို ဝန်ထမ်းတွေက သဘောမပေါက်ကြဘူး၊ ဟိုဖိုင်ဆွဲယူလှန်လှောသလိုလို၊ ဟိုဖိုင်ဒီဘက်စားပွဲထောင့်ရွှေ့၊ ဒီဘက်ဖိုင်ကို ဟိုဘက်စားပွဲ ရွှေ့လိုရွှေ့၊ ထပြီး ဗီရိုဖွင့်ပြီး လှန်လှော ရှာလိုရှာနဲ့ သူတို့ကိုယ်သူတို့ အလုပ်များအောင် လုပ်ပြနေတယ်၊ ဒီအတွင်းမှာ ပြည်သူက သူ့လုပ်ငန်းအောင်မြင်ရင် ပြီးရောဆိုပြီး ငွေစကလေးများ တဲ့တိုးစကားနဲ့ လာဘ်အဖြစ် ခပ်ယဉ်ယဉ်ဆိုရင် ဆုကြေးအဖြစ် ချပေးမလားလို့ မျှော်လင့်ချက်နဲ့ အလုပ်များအောင် လုပ်နေတယ်၊ ဘယ်လိုမှ လာဘ်ပေးတာ မမြင်ရင် မနက်ဖြန်၊ နောက်မနက်ဖြန်၊ ဖြစ်နိုင်ရင် ပသီပုံပြင်လို တစ်ထောင့်တစ်ညနဲ့ ရက်ရွှေ့လိုက်ချင်မှာပဲ။

သူတို့ရဲ့ နည်းဗျူဟာကို ရိပ်မိလို့ သူတို့သည်းခြေကြိုက် ငွေစလေးများကို လာဘ်အဖြစ် ဆက်သလိုက်ရင်တော့ အပြုံးပေါင်းတစ်ထောင်မျက်နှာနဲ့ အလုပ်ကို ချက်ချင်းပဲ ဆောင်ရွက်ပေးလိုက်တတ်ကြတယ်။

ဝန်ထမ်းဆိုပေမယ့်လည်း ဝန်ထမ်းစိတ်ရှိသူကား အလွန်နည်းလှပါတယ်။ ဆရာကြီးကမူ သူ့အသက်သွေးချွေးနဲ့ ကိုယ်ခန္ဓာတစ်ခုလုံးကို ပြည်သူ့ အတွက် လှူဒါန်းထားပြီးတဲ့လူမို့လားမသိ ပြည်သူ့တာဝန်ကို အသပြာငွေ တစ်စမှ မယူဘဲ တစ်ထိုင်တည်း လုပ်ကိုင်ပေးလိုက်တာချည်းပါပဲတဲ့။

တစ်ခါတစ်ခါ မဲ့ပြုံးကလေးနဲ့ ဆရာဦးထွန်းမောင်ကို "ကိုထွန်းမောင်ရေ ကျုပ်ကတော့ လျှောက်လွှာစာရေးဖြစ်မှန်းမသိ ဖြစ်နေပြီကော"လို့ပြောပါသေးတယ်ဆိုပဲ။

လူမှုဝန်ထမ်းစိတ်အပြည့်နဲ့ ပြည်သူ့တာဝန် ကြီးငယ်မရွေး ဆောင်ရွက်ပေးတတ်လို့နဲ့ တူပါတယ်၊ ပြည်သူချစ်သော ဆရာကြီးအဖြစ်သို့ သူ့အား ပြည်သူတွေရဲ့ နှလုံးသည်းပွတ်ထဲမှာ ကမ္ပည်းထိုးထားကြပေသကိုး။

ဤဆောင်းပါးကို အောက်ပါပုဂ္ဂိုလ်များ၏ ပြောပြချက်များမှ ကောက်နုတ်ပေါင်းစပ် ရေးသားဖော်ပြခြင်း ဖြစ်ပါတယ်။

(ကျမ်းပြုသူ)

ပုဂ္ဂိုလ်များ = ဆရာဦးထွန်းမောင်၊ ဗဟိုအမျိုးသားကျောင်းဆရာဟောင်း။
= ဦးချစ်ဆွေ၊ အပါးတော်မြဲ၊ မန္တလေး။
= ဦးဘကြူး၊ ဆရာကြီး ဦးရာဇတ်ရဲ့ ညီ၊ မန္တလေး။
= ဆရာဗိုလ်ခင်မောင်ကလေး၊ ဖဆပလဝန်ကြီးဟောင်း၊ ရန်ကုန်။
= ဒေါက်တာခင်မောင်ညွန့် (အမ်အေ၊ပီအိပ်ချ်ဒီ) သမိုင်းဌာနမှူး (သမိုင်းဌာန) ပညာရေးတက္ကသိုလ်၊ ရန်ကုန်။
= ဦးသာဒွန်း တယ်လီဖုန်းဆက်သွယ်ရေး အင်ဂျင်နီယာ၊ မန္တလေး။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၇ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ "မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"သို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ နောင်မူးကျေးရွာနေ မောင်ညိုသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ နောင်မူးကျေးရွာနေ မောင်ညို(၄၁)နှစ်၊ (ဘ)ဦးသာရင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး)မယ (ပ) ၁၀၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၃)ဦး၊ မ(၄)ဦး၊ ပေါင်း(၂၇)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၇-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ ဇော်ဌေး (ခ)ရှီဘိုင်(၃၈)နှစ်၊(ဘ) ဦးအောင်မြင့်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ) ၁၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၅)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၇)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၉-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ ၎င်းကျေးရွာနေ စည်သူစိုး(၂၃)နှစ်၊ (ဘ)ဦးမြင့်ဌေးနှင့် ထက်လင်းစိုး(၂၂)နှစ်၊ (ဘ)ဦးထွန်းသိန်းတို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၃၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်နေ ကိုဝတုတ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဈေးလမ်း၌ ၎င်းရပ်ကွက်နေ ကျော်ဝေဇင်(ခ)ဝတုတ်(၂၅)နှစ်၊ (ဘ)ဦးအေးသောင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဆိပ်ကြီးခနောင်တို)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်နေ ဘဲဥ(ခ)မုန်လာဥသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ (၁၄)ရပ်ကွက်နေ မျိုးဝင်းထွဋ်(ခ) ဘဲဥ(ခ) မုန်လာဥ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ (ဠ)ရပ်ကွက်နေ မင်းမင်းထွန်း(၃၀) နှစ်၊ (ဘ)ဦးအောင်စိန်နှင့် (၂)ရပ်ကွက်နေ နေမိုးသူ(၂၈)နှစ်၊ (ဘ) ဦးမောင်မောင်မြင့်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် နမစ(ရွှေပေါက်ကံ)မယ(ပ)၁၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ မမွှေးမွှေးသည် မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ မွှေးမွှေး(ခ)မွှေးမွှေးကြည်(၃၅)နှစ်၊ (ဘ) ဦးတင်ရွှေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၁၂၀/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြရပ်ကွက်နေ မချစ်မိုးဆွေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၇-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြရပ်ကွက်နေ မချစ်မိုးဆွေ(ခ)ဂေါ်ဖီထုပ်(၂၂)နှစ်၊ (ဘ) ဦးအောင်လင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ သဲဝေ(၃၄)နှစ်၊ (ဘ) ဦးဟန်ထွန်း၊ လှဝင်းထွန်း(၃၁)နှစ်၊ (ဘ)ဦးထွန်းလှတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း) မယ(ပ)၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၆)ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၇-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်းပေါ်၌ မြို့သစ်ဈေး အောက်ပိုင်းရပ်ကွက်နေ မြတ်မင်းနိုင်(ခ)နားပါး(၂၁)နှစ်၊ (ဘ) ဦးမောင်မောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ (ပ)၁၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ သဒ္ဒါသုခလမ်းထောင့်၌ ၎င်းရပ်ကွက်နေ နေလင်း(ခ)ဖိုးရှဲ (၄၁)နှစ်၊ (ဘ)ဦးပိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ ICE များ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၁၂၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/ ၂၀(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ ဓနသိဒ္ဓိလမ်းပေါ်၌ ၎င်းရပ်ကွက်နေ စည်သူအောင်(ခ) မျောက်ကြီး(၃၀)နှစ်၊ (ဘ) ဦးဌေးရီအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ(ပ)၁၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ရွှေမန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ရွှေမန်း(ခ)ခင်လှိုင်(၆၄)နှစ်၊ (ဘ)ဦးသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ဝင်းထက်ကျော် (၂၅)နှစ်၊ (ဘ)ဦးစန်းညွှန့်နှင့် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်နေ ရဲနိုင်ထွန်း(၃၃)နှစ်၊ (ဘ) ဦးစောထွန်းထွန်းလင်းတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ) ၁၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်နေ ကိုနိုင်ကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၁၀၆၅)နေ ကိုနိုင်ကြီး (ခ)ကိုကိုနိုင်(ခ)ကိုနိုင်(၅၅) နှစ်၊ (ဘ)ဦးတင်ရွှေ၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်)မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လေးတောင်ရပ်ကွက်နေ မျိုးသီဟသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၇-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ လေးတောင်ရပ်ကွက်နေ မျိုးသီဟ(၁၇)နှစ်၊ (ဘ)ဦးအောင်ထွေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သာကေတ) မယ(ပ)၃၂/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့၊ အနောက်ရပ်ကွက်နေ မောင်ယိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၇-၂၀၂၀ ရက်နေ့တွင် ဖယ်ခုံမြို့၊ အနောက်ရပ်ကွက်နေ မောင်ယိုး(၄၇) နှစ်၊ (ဘ)ဦးထား၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖယ်ခုံ) မယ (ပ)၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လဲချားကျေးရွာနေ ကျော်စိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၇-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လဲချားကျေးရွာနေ ကျော်စိုး (၄၂)နှစ်၊ (ဘ)ဦးဘဆောင်၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ) ၄၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၂၄၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၆၁၀)ဦး၊ မ(၃၁၂)ဦး၊ ပေါင်း(၁၉၂၂)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅၆၉.၆၁၁၄)ဂရမ်၊ ICE (၁၄၃၂.၄၂)ဂရမ်၊ ဘိန်း(၄၃၆၅၄.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက်(၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၄၉၇၅၇)ပြား၊ ဆေးခြောက် (၁၃၁၄၉.၂၃)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASYအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆)လက်၊ ကျည်မျိုးစုံ (၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၁၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၁၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

(၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

# သခင်ကိုယ်တော်မှိုင်း၊ မဟတ္တမဂန္ဒီနှင့် ဗိုလ်ချုပ်အောင်ဆန်း

■ မောင်ဖေလှိုင်

"ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ နံနက် ၁၀ နာရီခွဲ။

မိုးလင်းကတည်းကပင် ကောင်းကင်သည် အုံ့မှိုင်းညို့မှိုင်းလျက်ရှိသည်။ တိမ်တိုက်ဟူ၍ ကြည်လင်စွာ မမြင်ရ။ မိုးကို ကြည့်ရသည်မှာ မြူသမ်းနေသော ပင်လယ်ကြီးလို ဝိုးဝိုးဝါးဝါးနေသည်။ မိုးသည် ကင်းကင်းလွတ်လွတ် စဲသည်ဟူ၍မရှိဘဲ တဖွဲဖွဲရွာလိုက်၊ တဖြိုင်ဖြိုင်ရွာချလိုက်နှင့် နောက် စွေနှင့် နေလေသည်။"

အထက်ပါစာပိုဒ်ကား ဆရာဒဂုန်တာရာက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရစဉ်က မြင်ကွင်းကို ၁၉၄၇ ခုနှစ် ဩဂုတ်လထုတ် တာရာမဂ္ဂဇင်းအတွဲ(၁)၊ အမှတ်(၆) ၌ "ဦးအောင်ဆန်း၏ နောက်ဆုံးနေ့" ခေါင်းစဉ်ဖြင့် ဆောင်းပါးနိဒါန်းဖွင့်ထားခဲ့ခြင်း ဖြစ်ပါသည်။

ဆက်လက်၍ ဆရာဒဂုန်တာရာက "ဆရာဇော်ဂျီသည် ကျွန်တော် ဝင်လာသည်ကို မြင်သောအခါ ဆိတ်ဆိတ်ပင်။ စကားမပြွက်ဟဘဲ ထိုင်ရန် ကုလားထိုင်ကိုသာ လက်ဖြင့် ညွှန်ပြသည်။ xxxxxxx အတန်ကြာ တိတ်ဆိတ်နေရာမှ "အားလုံးတော့ဒုက္ခဖြစ်ကုန်ပြီ"ဟု ဆရာဇော်ဂျီက တိုးတိုးညည်းလေသည်။

ဆရာဇော်ဂျီက ဖြစ်ပုံကို ပြောပြတော့သည်။ ခြသေ့်တံဆိပ် တပ်စစ်ယူနီဖောင်းကို ဝတ်ဆင်ထားသော လက်နက်ကိုင် လူလေးယောက်သည် ကျွန်တော်ဖြတ်သန်းလာခဲ့သော အလယ်ဆင်ဝင်အောက်မှ တက်လာကာ ဦးအောင်ဆန်း၏ ရုံးခန်းအတွင်းသို့ အတင်းတိုးဝင်၍ အစည်းအဝေး ပြုလုပ်လျက်ရှိသော ဝန်ကြီးများအား စတင်းဂန်းဖြင့် ပစ်ခတ်ကြပြီး မည်သူ့မျှ ဖမ်းဆီးခြင်းမခံရဘဲ ဂျစ်ကားဖြင့် ထွက်ပြေးလွတ်မြောက်သွားသည်။

ကျွန်တော်မရောက်မီ တစ်နာရီကျော်ကျော်ခန့်က ဖြစ်သည်။

x x x x

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဤသတင်းကိုကြားရသောအခါ အလွန်စိတ်ထိခိုက်သွားခဲ့တော့သည်။ "မနေ့တစ်နေ့ကပဲ အောင်ဆန်း အိမ်လာသွားသေးတာပဲ"ဟု ဆရာကြီးက အောက်မေ့သတိရနေဆဲဖြစ်ပါ၏။

ဗိုလ်ချုပ်အရိုက်အရာကို ဆက်ခံသော သခင်နုက ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံ လာရောက်၍ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပုံ အကျိုးအကြောင်းကို ရှင်းပြခဲ့သည်။

ဆရာကြီးက သခင်နုအား "အောင်ဆန်း အသုဘအတွက် ငါငွေတော့ မတတ်နိုင်ဘူးကွာ။ ဒီကဗျာတစ်ပုဒ်နဲ့ စာအုပ်သာ ယူသွားပေတော့"ဟုဆို၍ "အာဇာနည်ဗိမာန်ကဗျာ" နှင့်စာအုပ်ကို သခင်နု လက်ဝယ်ပေးအပ်လိုက်ပါ၏။

"အာဇာနည်ဗိမာန်အဓိဋ္ဌာန် ကုသိုလ်တော်ကြီး"ဟု ဆရာကြီးက အမည်ပေးထားသော ယင်းစာအုပ်ကို ရောင်းချကာ ရောင်းချရသော အမြတ်ငွေကို အာဇာနည်ဗိမာန် တည်ဆောက်ရေးအတွက် ဆရာကြီးက လှူဒါန်းခဲ့ကြောင်း သိရပါသည်။ (မှတ်ချက်။ ။ ယင်းစာအုပ်ကို မြန်မာ့အလင်းပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ တစ်အုပ်တစ်ကျပ်နှုန်းဖြင့် ရောင်းချဖြန့်ချိခဲ့ပါ၏။)



သမီးငယ်ဖြစ်သူနှင့်အတူ

ယင်းလေးချိုးကဗျာတွင် ကနဦးဆရာကြီးရေးဖွဲ့စဉ်က တတိယအချိုး ကျန်ရှိနေခဲ့၍ ဆရာဇော်ဂျီက ပြန်ပြောပြမှ ဆရာကြီးက ပြန်ဖြည့် ရေးဖွဲ့ပေးခဲ့ကြောင်းဆိုပါ၏။

ဆရာကြီး၏ "အာဇာနည်ဗိမာန်ဋီကာ" လေးချိုးကဗျာအစပိုဒ်ကို ဤသို့ ရေးဖွဲ့ထားခဲ့ပါသည်–

**ဩော်....... အဆောင်ဆောင်နန်းတွေ**
**ကြငှန်းတွေနှင့်နှော**
**အခေါင်မမြန်းခင်က**
**အောင်စတမ်းချို့စေဖို့၊ အောင်ပန်းညို့ရရှာတဲ့**
**တောင်တမန်းတို့ဗမာမှာ အဟောင်းသံသရာ**
**အငုတ်တွေနှင့်**
**'အောင်ဆန်း'တို့မသာမယာဟာ ငင်းကံကြမ္မာအလုပ်ပေထင့်**
**သောင်းမြန်းမရဏာစမုတ်မှာတော့**
**ချုပ်သနင့်ယင်းအလိုတွင်**
**(အိုကွယ်) 'ဒေါင်းလံ'ပဝါအုပ်ပါလို့**
**ကျုပ်ဖြင့် သဂြိုဟ်ချင်......။**

x x x x

ယင်းကဲ့သို့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ လုပ်ကြံခံရမှုဖြစ်ရပ်သည် မြန်မာနိုင်ငံတွင်းသာမက ကမ္ဘာအနှံ့ဂယက်ထ ရိုက်ခတ်စေခဲ့ပါ၏။


ထိုကာလက အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီးဖြစ်သော မဟတ္တမဂန္ဒီက ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့ရသော သတင်းကို ကြားသိရသောအခါ "မြန်မာ့လွတ်လပ်ရေးကို တိုက်ပြီးလျှင် မြန်မာ့လွတ်လပ်ရေးကို မြန်မာတို့၏ အိမ်တိုင်ရာရောက်ပို့ပေးခဲ့သော အာဇာနည်ပုဂ္ဂိုလ်များကို ယခုကဲ့သို့ သွေးအေးအေးဖြင့် လုပ်ကြံသတ်ဖြတ်သည်ဆိုသည်မှာ ယုံကြည်စရာပင်မရှိပါချေ။ ကျွန်ုပ်တို့သည် လွန်လေပြီးသော ခေါင်းဆောင်များ၏ဆွေမျိုးညာတိများကိုလည်းကောင်း၊ မြန်မာအစိုးရကိုလည်းကောင်း ကရုဏာ သက်ပါ၏။ ယခုဖြစ်ရသည်မှာ သာမည လူသတ်မှုတစ်ခုမဟုတ်ပါ။ ဤအမှု၏ နောက်ကွယ်တွင် နိုင်ငံရေး လောဘဇော



ချစ်စခင်စကြင်နာစက ဗိုလ်ချုပ်တို့ဇနီးမောင်နှံ

ရှိနေလိမ့်မည်။ ယခုအခါ ကမ္ဘာအရပ်ရပ်၌ နိုင်ငံရေးပြိုင်ဆိုင်မှုတို့တွင် ဤလောဘဇော ထကြွနေသော အချက်မျိုးကို တွေ့မြင်နေရသည်။ ဤအချက်သည် မနုဿလူသားတို့၏ နောင်ရေးအတွက် အတိတ်နိမိတ်ကောင်း မဟုတ်ပါချေ။ ထို့ကြောင့် ဤဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်ကိုမူတည်၍ အိန္ဒိယနိုင်ငံသည် သင်ခန်းစာယူတတ်ရမည်။ ဤအဖြစ်အပျက်သည် မြန်မာနိုင်ငံအတွက်သာလျှင် ဝမ်းနည်းကြေကွဲစရာမဟုတ်၊ အာရှဒေသတစ်ခုလုံးအတွက်လည်း ဝမ်းနည်းကြေကွဲစရာ ဖြစ်ရပါသည်။ ကမ္ဘာတစ်ဝန်းလုံးအတွက် စိတ်မချမ်းမြေ့ဖွယ် ဝမ်းနည်းကြေကွဲစရာဖြစ်နေပါကြောင်း" ထုတ်ဖော်လှစ်ဟ ကြေညာခဲ့ပါ၏။

ထိုစဉ်အခါက ဗိုလ်ချုပ်အောင်ဆန်းတို့၏ အဖြစ်ဆိုးအတွက် ဝမ်းနည်းကြေကွဲနေရာမှ အိန္ဒိယနိုင်ငံ၏ ရှေ့ရေးကိုပါ မဟတ္တမဂန္ဒီကြီး တွက်ဆပူပန်ခဲ့ဟန် ရှိခဲ့ပါသည်။ အဘယ်ကြောင့်မူ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ



မိခင်ကြီးဒေါ်စုနှင့်အတူတွေ့ရသော ဗိုလ်ချုပ်မိသားစု

လုပ်ကြံခံကြရပြီးနောက် ခြောက်လမျှအကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်၌ အိန္ဒိယနိုင်ငံ၏ နှလုံးသည်းပွတ် ကြည်ညိုလေးစားတန်ဖိုးထားခဲ့ကြသော ဂန္ဒီကြီးသည် မလိုမုန်းထားကြသူတို့၏ လုပ်ကြံမှုဖြင့် အသက်ဇီဝိန် ကြွေပြုန်းခဲ့ရရှာပါတော့သည်။

x x x x

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရကြောင်း သတင်းစကား ကြားလိုက်ရစဉ်က မိခင်ဖြစ်သူ ဒေါ်စုက မချိတင်ကဲပြောဆိုလိုက်သည်မှာ "ကျုပ်သားဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီလိုသတ္တိကြောင်တဲ့ အမှုမျိုးကို ငယ်စဉ်ကတည်းကပဲ ရှုတ်ချခဲ့သူဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ကပဲ ဦးစောကို မသမာသူတွေက ချောင်းမြောင်းပစ်ခတ်တုန်းကလည်း ဗိုလ်ချုပ်ကိုယ်တိုင် ကမ္ဘာသိ ကဲ့ရဲ့ရှုတ်ချတဲ့ စကားတွေ ပြောခဲ့ပါသေးတယ်။ ကျုပ်ဆီ ဝင်ကန်တော့တုန်းက ကျုပ်ကစိုးရိမ်လို့ လူဆိုတာ အထက်ရောက်လာရင် မနာလိုလို့ မကောင်းကြံစည်တာမျိုး ခံရတတ်တယ်။ အစစအရာရာ သတိထားဖို့ပြောတော့ ကျုပ်သားက "ဟာဗျာ– ဒါကတော့ ဘုရားတောင်မှ အတိုက်အခံရှိသေးတာပဲ၊ ကိုယ်ကသာ မှန်နေရင် ဘာမှကြောက်စရာမလိုပါဘူး မစိုးရိမ်ပါနဲ့လို့" ပြန်ပြောခဲ့ကြောင်း" ဖွင့်ဟစကားဆိုခဲ့ပါသည်။

ဗိုလ်ချုပ်၏ ဇနီး ဒေါ်ခင်ကြည်က ခင်ပွန်းဖြစ်သူအတွက် ပြည်သူများအား အောက်ပါအတိုင်း ပန်ကြားခဲ့ပါ၏။

"လူထုကို ပြောလိုတာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်ရက်စက်စက် လုပ်ကြံကြတဲ့အတွက် ဒေါသထွက်၊ အမျက်သိုကာ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုတွေကို ရှောင်ကြဉ်ကြပါ။ ကျွန်မခင်ပွန်းပျိုးထားခဲ့တဲ့ လွတ်လပ်ရေးကို မဖြစ်မနေရအောင် ဝိုင်းဝန်းကြိုးပမ်း ကြပါ" ဟူ၍ တိုက်တွန်းခဲ့ပါသည်။

ဤသည်တို့သည်ကား လွန်ခဲ့သော ၇၃ နှစ်၊ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က မြန်မာပြည်သူတို့အတွက် ဝမ်းနည်းကြေကွဲခဲ့ကြရသောနေ့၊ မြန်မာ့သမိုင်းစဉ်မှာ မေ့ပျောက်၍မဖြစ်သော သမိုင်းဝင်နေ့၊ နယ်ချဲ့လက်ပါးစေတို့၏

**လူထုကို ပြောလိုတာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်ရက်စက်စက် လုပ်ကြံကြတဲ့အတွက် ဒေါသထွက်၊ အမျက်သိုကာ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုတွေကို ရှောင်ကြဉ်ကြပါ။ ကျွန်မ ခင်ပွန်းပျိုးထားခဲ့တဲ့ လွတ်လပ်ရေးကို မဖြစ်မနေ ရအောင် ဝိုင်းဝန်းကြိုးပမ်းကြပါဟူ၍ တိုက်တွန်း။**

အန္တရာယ်ကို မီးမောင်းထိုးပြခဲ့သောနေ့အဖြစ် ပြန်ပြောင်းဆင်ခြင် သတိတရ ရှိရကာ အာဇာနည်ခေါင်းဆောင်ကြီးများအား လေးစားဦးညွတ်ရသော စာစု ဖြစ်ပါ၏။

မည်သို့ဆိုစေကာမူ ဤအချိန်ဤကာလ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်တစ်ရပ်ဖြစ်သော **"နိုင်ငံရေးမှာ အခြေအနေကို စောင့်နိုင်တဲ့ သတ္တိရှိရမယ်။ ပြီးတော့ သဘောထားကြီးနိုင်တဲ့ သတ္တိလည်း ရှိပြီးတော့ စိတ်ရှည်သည်းခံနိုင်တဲ့ သတ္တိလည်းရှိရမယ်"** ဟူသောစကားရပ်သည်ကား နိုင်ငံ့အနာဂတ်အတွက် အဖိုးထိုက်သော ရတနာစကားသဖွယ် ဖြစ်နေရပါကြောင်း အလေးအနက်ပြု ဖော်ပြလိုက်ရပါကြောင်း။ ။

**စာကိုး–** သန်းဝင်းလှိုင်၏ **"အာဇာနည်နေ့(သို့မဟုတ်) မြန်မာ့သမိုင်း၌ မမေ့သင့်သော နေ့တစ်နေ့"**။
သန်းဝင်းလှိုင်၏ **"တို့ဖခင်ဗိုလ်ချုပ် ဘာပြောခဲ့သလဲ"**။

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ် နေပြည်တော်၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ်အခမ်းအနား ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၃**

၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးသီတင်းပတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် မိဘ၊ ကျောင်းအုပ်၊ ဆရာ၊ ကျောင်းသားများ လိုက်နာရမည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာ၍ ကျောင်းနေအရွယ်ကလေးငယ်အားလုံး ပညာသင်ယူမှု မဆုံးရှုံးရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော လုံခြုံဘေးကင်းသည့် အရည်အသွေးအကောင်းဆုံးရရှိစေရန် စီစဉ်ထားရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းပညာပံ့ပိုးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင်လည်း ဩဂုတ် ၂၄ ရက်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေကြပြီဖြစ်ပါကြောင်း၊ ကျန်သော နိုင်ငံများတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နေကြပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုမဆုံးရှုံးရေး မည်သည့်ခွဲခြားမှုမျှမရှိရေး၊ တစ်ဦးတစ်ယောက်မျှမကျန်ရှိရေး၊ ကျောင်းထွက်သူမရှိရေး အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိတွေ့မှုလျှော့ချ၍ လူအုပ်စုမဖြစ်ပေါ်စေရေး တစ်ဦးနှင့်တစ်ဦး ခြောက်ပေစီခြား၍ စီစဉ်ဆောင်ရွက်ရသဖြင့် မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းသား စုစုပေါင်းဦးရေနှင့် စာသင်ခန်း၊ စာသင်ခုံ၊ ဆရာဦးရေတို့အရ စာသင်ခန်းတစ်ခန်းတွင် ၂၀ ဦးအတွက်သာ ခုံစီထားပါကြောင်း။

ကျောင်းများအနေဖြင့် ပုံမှန်ဖွင့်သည့် ကျောင်းများ၊ တစ်ပတ်ခြား ကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ်တက်ကျောင်းများ၊ တစ်ပတ်ခြား နှစ်သုတ် သုံးရက်တက် ကျောင်းများဖြင့် စီစဉ်ထားရှိပါကြောင်း၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်စေရေးတွက် ၂၁ ရာစုနှင့် လိုက်လျောညီထွေရှိသော သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု နည်းလမ်းများ၊ ကျန်းမာရေးအသိပညာပေး သင်တန်းများကိုလည်း အွန်လိုင်းသင်တန်းများ၊ ကာလတိုအရည်အသွေးမြှင့် မွမ်းမံသင်တန်းများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များကို အချိန်မီပုံနှိပ်ဖြန့်ဝေနိုင်ရေး စီမံကြီးကြပ်ပေးခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရေးအတွက် ပြန်လည်အသုံးပြု၍ရသည့် အဝတ်ဖြင့်ပြုလုပ်ထားသော နှာခေါင်းစည်း နှစ်ခု၊ မျက်နှာကာ တစ်ခုစီအား ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ အားလုံးသို့ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားရှိပါကြောင်း၊ အသက်ကြီးသူများ ကျောင်းပို့၊ ကျောင်းကြိုမပြုလုပ်ရန် မေတ္တာရပ်ခံထားပါကြောင်း၊ ကျောင်းပို့/ ကြိုသူတစ်ဦးသာ ခွင့်ပြု၍ နေရပ်လိပ်စာ၊ တယ်လီဖုန်းမှတ်တမ်းထားရှိမည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

ကျောင်းသို့လာစဉ်၊ ကျောင်းပို့/ ကြိုကားများ၊ စာသင်ခန်းတွင်း၊ မုန့်စားဆင်းချိန်၊ ကျောင်းမှ အိမ်သို့ပြန်စဉ် လိုက်နာရန် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ကျောင်းသို့ရောက်ရှိပါက ခြောက်ပေစီခြား၍ ကိုယ်ပူချိန်တိုင်းမည် ဖြစ်ပါကြောင်း၊ ကိုယ်ပူချိန်မြင့်မားပါက ခေတ္တခဏအနားယူစေပြီး ကိုယ်ပူချိန်ထပ်မံတိုင်းမည်ဖြစ်ပါကြောင်း၊ ကိုယ်ပူချိန်မြင့်မားနေပါက ဆေးရုံသို့ ဆက်သွယ်၍ ဆေးကုသမှုခံယူစေမည်ဖြစ်ပါကြောင်း၊ ဖျားနာ၊ ချောင်းဆိုးရှိသော ဆရာ၊ကျောင်းသား၊ ဝန်ထမ်းများရှိလာပါကလည်း ခွင့်တိုင်ကြားပြီး ဆေးကုသမှုခံယူရမည်ဖြစ်ပါကြောင်း၊ ခြောက်ပေစီခြားတန်းစီ၍ ရေနှင့်ဆပ်ပြာ သို့မဟုတ် လက်ဆေးဂျယ်တို့ဖြင့် စနစ်တကျလက်ဆေးရန်၊ ခြောက်ပေစီခြား တန်းစီ၍ စာသင်ခန်းအတွင်းသို့ဝင်ရန်၊ ခြောက်ပေစီခြား တန်းစီ၍ သန့်စင်ခန်းများအသုံးပြုရန်လည်း စီစဉ်ထားရှိပါကြောင်း၊ ကျောင်းအုပ်၊ ဆရာဆရာမများကလည်း ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ၊ ပညာသင်ထောက်ပံ့ကြေးများအတွက်လည်း လက်စွဲစာအုပ်များနှင့်အညီ အကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိဘများ၊ ရပ်ရွာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း။

ကျောင်းလုံခြုံရေးအတွက်လည်း ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်း၍ တာဝန်ရှိသူများ၊ မိဘအုပ်ထိန်းသူ ပြည်သူများအားလုံးတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အရည်အသွေးရှိသော သင်ယူတတ်မြောက်မှုရှိစေရေးအတွက် ဆရာ ဆရာမများက အဓိကဖြစ်ပါသဖြင့် စေတနာ၊ မေတ္တာ၊ ကရုဏာဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ လုံခြုံဘေးကင်းရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းအကောင်းဆုံးဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူများ၊ ပြည်သူ့ရဲများ၊ လူမှုဝန်ထမ်းမှ တာဝန်ရှိသူများ၊ မိဘဆရာအသင်းများ၊ ကျောင်းသားဟောင်းများ၊ မိဘအုပ်ထိန်းသူများ၊ ပြည်သူများနှင့် ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ အားလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံ့အနာဂတ်ရတနာများ ဖြစ်သည့် ကျောင်းသား ကျောင်းသူများ အားလုံးတို့ကို လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သူများ၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသူများဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမဲ့ဗလာစာအုပ်နှင့်ပုံနှိပ်စာအုပ်များကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒက္ခိဏသီရိမြို့နယ်သို့ လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဇမ္ဗူသီရိမြို့နယ်သို့ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပျဉ်းမနားမြို့နယ်သို့ လည်းကောင်း၊ နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးတင်ထွန်းက လယ်ဝေးမြို့နယ်သို့ လည်းကောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က ဥတ္တရသီရိမြို့နယ်သို့လည်းကောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက ဇေယျာသီရိမြို့နယ်သို့ လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက တပ်ကုန်းမြို့နယ်သို့လည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျောင်းများသို့ ဘေစင်နှင့်နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းသည့် အလှူရှင်အား အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အလှူရှင် ကျောက်စိမ်းတည်းခိုခန်းပိုင်ရှင် ဦးခင်တိုးက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများနှင့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဘဝတစ်လျှောက် အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းကောက်ယူရေးဆိုင်ရာ Virtual Consultation Workshop ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဘဝတစ်လျှောက်အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းကောက်ယူရေးဆိုင်ရာ Virtual Consultation Workshop ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Online ညှိနှိုင်းဆွေးနွေးပွဲအဖြစ် ကျင်းပဆောင်ရွက်သည်။

အဆိုပါ Online Consultation Workshop တွင် အမျိုးသမီးများ၏ ဘဝတစ်လျှောက် အတွေ့အကြုံများ လေ့လာမှုစစ်တမ်းနည်းပညာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ယနေ့ညှိနှိုင်းဆွေးနွေးပွဲကို အမျိုးသမီးများ၏ ဘဝတစ်လျှောက် အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းကောက်ယူရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် စစ်တမ်းဆိုင်ရာ လုပ်ငန်းရပ်များအပေါ် အကြံဉာဏ်များရယူနိုင်ရန် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဤစစ်တမ်းအား ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အမျိုးသမီးများ၏ဘဝတစ်လျှောက် အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းနည်းပညာကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စား အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဗဟိုချက်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ဤလေ့လာမှုစစ်တမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့တို့၏စီမံကြီးကြပ်မှု၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ကူညီပံ့ပိုးမှုနှင့် နည်းပညာကော်မတီဝင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည် ဖော်သွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ အခြေအနေကြောင့် လုပ်ငန်းစီမံချက် အချိန်ကာလပြောင်းလဲမည် ဖြစ်ပါကြောင်း။

လေ့လာမှုစစ်တမ်းအတွက် ကိန်းဂဏန်းအရေအတွက်ပိုင်းဆိုင်ရာ အချက်အလက်များ၊ အကြောင်းအရာများကို ထဲထဲဝင်ဝင်လေ့လာနိုင်သည့် အရည်အသွေးပိုင်းဆိုင်ရာ အချက်အလက်များကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ အိမ်ထောင်စု ၆၀၀၀ ခန့်မှ အသက် (၁၅)နှစ်မှ (၆၄)နှစ်အတွင်းရှိ အမျိုးသမီးများအား နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ လေ့လာမှုစစ်တမ်းမှရရှိသော အချက်အလက်များကို အခြေခံပြီး ကျား၊ မရေးရာတုံ့ပြန်မှုဆိုင်ရာလုပ်ငန်းများ၊ ဘတ်ဂျက်နှင့် မူဝါဒရေးဆွဲခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအစီအစဉ်များ အကောင်အထည်ဖော်ခြင်းများအတွက် ထိရောက်၍စနစ်ကျသော လုပ်ငန်းစနစ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သည်တို့ကို ဆောင်ရွက်ပေးနိုင်မည်၊ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သုတေသနစစ်တမ်းတွင် သက်ဆိုင်ရာကဏ္ဍများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်နှင့် အကြံဉာဏ်များပေး၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးနှင့် အမျိုးသမီးများ၏ဘဝတစ်လျှောက် အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်း နည်းပညာကော်မတီဒုတိယဥက္ကဋ္ဌ ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ UNFPA တို့မှ တာဝန်ရှိသူများနှင့် နည်းပညာရှင်များက မြန်မာနိုင်ငံရှိအမျိုးသမီးများ၏ ဘဝတစ်လျှောက် အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်း (၂၀၁၉-၂၀၂၁)ဆိုင်ရာ အဓိကအချက်အလက်များ၊ လေ့လာမှုစစ်တမ်းတွင် အသုံးပြုမည့်နည်းစနစ်များ ရှင်းလင်းတင်ပြခဲ့ကြရာ ဆွေးနွေးပွဲတက်ရောက်သူများက မေးခွန်းများ မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကပင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား



**ဂျီနီဗာ ဇူလိုင် ၁၃**

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီအချိန်ကပင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် တည်ရှိနေခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရုရှားနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မီလီတာဗက်နောဘက်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်၏ ဇာစ်မြစ်ကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး တရုတ်ဆေးသိပ္ပံပညာရှင်များနှင့် သုတေသနပြုလျက်ရှိကြောင်း ဗက်နောဘက်က RIA Novosti သတင်းအေဂျင်စီသို့ ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်သည် တိရစ္ဆာန်များတွင်တွေ့ရှိရပြီး လူသားများသို့ ကူးစက်သည်ကို တွေ့ရှိရကြောင်း၊ သို့သော် မည်သည့်အချိန်၊ မည်သည့်နေရာတွင် ရောဂါဖြစ်ပွားနိုင်သည်ကို အတိအကျ ပြောကြားနိုင်ရန်ခက်ခဲပြီး ဗိုင်းရပ်စ်ပိုးကို စွန့်ပစ်ရေတွင်တွေ့ရှိရကြောင်း၊ သို့သော် အသေးစိတ် ပြောကြားရန်မဖြစ်နိုင်သေးကြောင်း ၎င်းကပြောသည်။ ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်တည်ရှိနေပြီး ကူးစက်ပျံ့နှံ့မှုများမှာ အခြေအနေနှင့် အချိန်အခါပေါ်တွင်မူတည်၍ ကူးစက်ပျံ့နှံ့မှုများ ဖြစ်လာနိုင်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ် အထောက်အထားအခြေပြု ဆေးပညာစင်တာမှ လက်ထောက်ကထိကနှင့် နယူးကာဆယ်တက္ကသိုလ်မှ ဧည့်ပါမောက္ခဖြစ်သူ တွန်ဂျက်ဖာဆင်က ယခုလအစောပိုင်းတွင် ပြောကြားသည်။ ၂၀၁၉ ခုနှစ် မတ်လ၌ စပိန်မှ ဗိုင်းရပ်စ်ဆိုင်ရာပညာရှင်များက ဘာစီလိုနာမြို့မှ စွန့်ပစ်ရေများတွင် ကိုရိုနာဗိုင်းရပ်စ်၏ သဲလွန်စများကို တွေ့ရှိခဲ့သည်။

အီတလီနိုင်ငံ၏ ပထမဆုံး ကိုဗစ်-၁၉ လူနာကို မတွေ့ရှိမီကပင် မီလန်နှင့် တူရင်မြို့များမှ စွန့်ပစ်ရေများတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်၏ သဲလွန်စများကို ဒီဇင်ဘာ ၁၈ ရက်တွင် တွေ့ရှိခဲ့သည်။ ဆေးသိပ္ပံပညာရှင်များအနေဖြင့် အဆိုပါတွေ့ရှိချက်များကို စစ်ဆေးနေပြီး အဖြေရရှိပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာမည်ဟု ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# မက္ကဆီကို၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ် ပထမနှစ်ဝက်အတွင်း အလုပ်အကိုင်ပေါင်း ကိုးသိန်းကျော်ဆုံးရှုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၁၃**

ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မက္ကဆီကိုနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း အလုပ်အကိုင်ပေါင်း ၉၂၁၅၈၃ ခုခန့် ဆုံးရှုံးခဲ့ကြောင်း မက္ကဆီကိုလူမှုဖူလုံရေးအင်စတီကျူက ယနေ့သတင်းဖော်ပြသည်။ မက္ကဆီကိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးခဲ့သည့် ဇွန်လတစ်လတည်းတွင်ပင် ပုံမှန်အလုပ်အကိုင်ပေါင်း ၈၃၃၁၁ ခုခန့် ဆုံးရှုံးခဲ့ကြောင်း အဆိုပါအဖွဲ့က ထပ်မံဖော်ပြထားသည်။

သို့သော် ဘရာဇီးနိုင်ငံပြီးနောက် လက်တင်အမေရိက၏ စီးပွားရေးအင်အား ဒုတိယအကြီးမားဆုံးဖြစ်သည့် မက္ကဆီကိုနိုင်ငံသည် ယခုနှစ် ပထမ ခြောက်လပိုင်းအတွင်း အလုပ်အကိုင်ပေါင်း ၁၉ ဒသမ ၅ သန်းနီးပါး ဖန်တီးခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်များအနက် ၈၆ ဒသမ ၆ ရာခိုင်နှုန်းခန့်သည် အမြဲတမ်း အလုပ်အကိုင်များဖြစ်ပြီး ၁၃ ဒသမ ၄ ရာခိုင်နှုန်းခန့်သည် ယာယီအလုပ်အကိုင်များဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံသည် ယခုနှစ်အတွင်း အလုပ်အကိုင်သစ် နှစ်သန်းအထိ ဖန်တီးရန် ရည်ရွယ်ချက်တစ်ခုကို အကောင်အထည်ဖော်နေသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်အတွင်း အလုပ်အကိုင်ပေါင်း တစ်သန်းခန့် ဆုံးရှုံးလိမ့်မည်ဟု ခန့်မှန်းကြောင်း မက္ကဆီကိုသမ္မတ အန်ဒရေးစ်မယ်နွယ်လ်လိုပက်ဇ်က ပြောကြားသည်။

မက္ကဆီကိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်က စတင်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၀၀၀ ရှိလာပြီး အဆိုပါရောဂါကြောင့် ၃၄၇၃၀ သေဆုံးခဲ့ကြောင်း တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

မက္ကဆီကိုနိုင်ငံတွင် ယမန်နေ့က တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၇၆ ဦး သေဆုံးခဲ့ပြီးနောက် အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၀၀၆ ဦးရှိလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် အီတလီနိုင်ငံ၌ သေဆုံးသူ ၃၄၉၅၄ ဦးထက် ပိုများလာကြောင်း သိရသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၈၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ မက္ကဆီကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၉၇၅၀ ရှိလာကြောင်း သိရသည်။ မက္ကဆီကိုနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် လာမည့်နှစ် ဧပြီလအထိ ကြာမြင့်နိုင်မည်ဟု မက္ကဆီကိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟူကိုလိုပက်ဇ်ဂါတဲလ်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဆိုးလ် ဇူလိုင် ၁၃**

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရကြောင်း တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့က ယနေ့ ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင် ၁၁ ဦးသည် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းဖြစ်ပြီး မြို့တော်ဆိုးလ်မှ တောင်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာတွင် တည်ရှိသော အမေရိကန်တပ်စခန်းများဖြစ်သည့် ကမ့်ဟုန်ဖရေးစ်နှင့် အိုဆန်လေတပ်အခြေပြုစခန်းရှိ သီးခြားစောင့်ကြပ်ရေးစင်တာများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ယခုအခါ တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အမေရိကန်တပ်ဖွဲ့ဝင် ၇၄ ဦးရှိလာပြီး ၎င်းတို့အနက် ၃၃ ဦးသည် လက်ရှိတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ သတင်းဌာနတစ်ခုဖြစ်သည့် ယွန်ဟပ်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ တာဝန်ပေးအပ်ထားသော အမေရိကန်တပ်ဖွဲ့ဝင်အသစ် ရှစ်ဦးနှင့် အရပ်ဘက်အလုပ်သမား တစ်ဦးအပါအဝင် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးသည် ကိုဗစ်ရောဂါ ကူးစက်ခံရကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့က ယမန်နေ့တွင် သတင်းဖော်ပြထားသည်။



ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၄၇၉ ဦးရှိလာကြောင်း သိရသည်။ အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ၄၃ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လာသူများမှ တစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး ရက်ပေါင်း ၁၁၀ အတွင်း ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံး ဖြစ်လာခဲ့သည်။

သို့သော် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့ကမူ စင်းလုံးငှားလေယာဉ်ပေါ် စီးနင်းလိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခရီးသည်အားလုံးကို တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး လူတစ်စုံတစ်ဦးနှင့်မျှ ထိတွေ့မှုမရှိမီ ချက်ချင်း သီးခြားခွဲ၍ထားရကြောင်း ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**



# တရုတ်၌ မိုးသည်းထန်မှုကြောင့် ၁၄၁ ဦး သေကြေပျောက်ဆုံး

**ပေကျင်း ဇူလိုင် ၁၃**

ယန်ဇီမြစ်တစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၁၄၁ ဦးသေကြေပျောက်ဆုံးခဲ့ပြီး ၃၈ သန်းနီးပါး ရေဘေးသင့်ခဲ့ကြောင်း တရုတ်မီဒီယာများက ဖော်ပြလျက်ရှိသည်။

ပြီးခဲ့သည့်လက စတင်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဟူပေနှင့် ကျန်ဇီပြည်နယ်များတွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။ ပြည်သူ ၂ ဒသမ ၂ သန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး အိမ်နှင့်အဆောက်အအုံ ၂၈၀၀၀ ခန့် ပျက်စီးခဲ့ရကြောင်း နိုင်ငံပိုင် စီစီတီဗွီရုပ်သံဌာနနှင့် အခြားမီဒီယာများက ဖော်ပြသည်။ ယန်ဇီမြစ်တစ်လျှောက်ရှိ ရေကန်များ၌ ရေများ စိုးရိမ်ရေမှတ်အထက် ရောက်ရှိလျက်ရှိပြီး တာတမံများကိုကာကွယ်ရန် တရုတ်တပ်မတော်ကို ဖြန့်ကြက်ခဲ့သည်။

စောင့်ကြည့်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ယမန်နေ့တွင် ဒေသန္တရအာဏာပိုင်များသို့ တိုက်တွန်းခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# တောင်အာဖရိကနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ လိုက်နာကြရန် သမ္မတ ရာမာဖိုဆာ တိုက်တွန်း



**တောင်အာဖရိက ဇူလိုင် ၁၃**

တောင်အာဖရိကနိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လာသည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ဂရုတစိုက်လိုက်နာကြရန် ပြည်သူများအား တောင်အာဖရိကသမ္မတ ရာမာဖိုဆာက သတိပေးပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ ယခုရက်ပိုင်းအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ အဆမတန်မြင့်တက်လာလျက်ရှိသည့်အတွက် သမ္မတ ရာမာဖိုဆာက ရုပ်သံမိန့်ခွန်းမှတစ်ဆင့် ပြည်သူများအား အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့သည်။

ယမန်နေ့စစ်တမ်းများအရ အာဖရိကနိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၇၀၀၀၀ ကျော်ရှိလာခဲ့ပြီး တောင်အာဖရိကနိုင်ငံတွင် ၂၆၀၀၀၀ (၄၆ ရာခိုင်နှုန်း) ကျော်ရှိကြောင်း အာဖရိကသမဂ္ဂက ဆိုသည်။

တောင်အာဖရိကနိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုပမာဏသည် ဆေးပညာရှင်များ ခန့်မှန်းထားသည့်အတိုင်း အတာအထိရောက်ရှိနေခဲ့ပြီဖြစ်ပြီး ဇူလိုင်လနှောင်းပိုင်းမှ စက်တင်ဘာလ နှောင်းပိုင်းအထိ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လာနိုင်သည်ဟု သမ္မတ ရာမာဖိုဆာက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ပြည်သူ နှစ်သန်းခန့်ကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ရလဒ်ထွက်ပေါ်မှုများအရ ရောဂါကူးစက်ခံရသူအရေအတွက်မှာ များပြားသည့်အတွက် နိုင်ငံအတွင်းရှိ ဆေးဝါးထောက်ပံ့မှုနှင့် ဆေးကုသရေးစင်တာများ လုံလောက်မှု မရှိမည်ကို စိုးရိမ်မိပါကြောင်း သမ္မတ ရာမာဖိုဆာက ဆိုသည်။

တောင်အာဖရိကနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပြည်သူများ အလုပ်အကိုင်ဆုံးရှုံးပြီး စီးပွားရေးထိခိုက်မည်ကို စိုးရိမ်သည့်အတွက် ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဆောလျင်စွာ ဖြေလျှော့ပေးခဲ့သည့်အတွက် ယခုကဲ့သို့ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ အဆမတန်မြင့်တက်လာလျက်ရှိသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

တောင်အာဖရိကနိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၀၀၀ ခန့် စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။ ထို့ကြောင့် တောင်အာဖရိကနိုင်ငံသည် အမေရိကန်၊ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံများပြီးနောက် စတုတ္ထမြောက် တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်မှု အများဆုံးဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ညမထွက်ရအမိန့်ကို ပြန်လည်ထုတ်ပြန်ခဲ့ပြီး ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို ဂရုတစိုက်လိုက်နာရန် ပြည်သူများအား သမ္မတ ရာမာဖိုဆာက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃ သန်းကျော်ရှိ

**ဝါရှင်တန် ဇူလိုင် ၁၃**

ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူ ဦးရေသည် ယနေ့တွင် ၁၃ သန်းကျော် ရှိလာပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသီများ၏ ယနေ့ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူဦးရေ ၁၃၀၇၄၃၀၉ ဦးနှင့် သေဆုံးသူဦးရေမှာ ၅၇၂၄၂၆ ဦးအထိရှိကြောင်း ဖော်ပြသည်။

ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုသည် ယင်းရောဂါပိုး ကူးစက်ခံထားရသူဦးရေ အမြင့်မားဆုံးဖြစ်ပြီး ရောဂါပိုးကူးစက်ခံထားရသူ ၃၃၀၄၉၄၂ ဦးရှိသည်။ ၎င်းနောက်တွင် ဘရာဇီးနိုင်ငံက ရောဂါပိုးကူးစက်ခံရသူ ၁၈၆၄၆၈၁ ဦးဖြင့် ဒုတိယ၊ အိန္ဒိယနိုင်ငံက ၈၇၈၂၅၄ ဦးဖြင့် တတိယ၊ ရုရှားနှင့် ပီရူးနိုင်ငံတို့က ရောဂါပိုးကူးစက်ခံရသူ ဦးရေ ၇၂၆၀၃၆ ဦးနှင့် ၃၂၆၃၂၆ ဦးတို့ဖြင့် စတုတ္ထနှင့် ပဉ္စမနေရာများ၌ ရပ်တည်နေကြသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြင့် သေဆုံးသူအများဆုံးမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး သေဆုံးသူ ဦးရေ ၁၃၅၂၀၅ ဦးရှိကာ ၎င်းနောက်တွင် ဘရာဇီးက ၇၂၁၀၀ ဖြင့် ဒုတိယနှင့် ဗြိတိန်က ၄၄၉၀၄ ဦးဖြင့် တတိယနေရာတွင် ရှိနေကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# ဆန်ဒီယာဂိုမြို့ရှိ အမေရိကန်ရေတပ်စခန်း၌ စစ်သင်္ဘောတစ်စင်း မီးလောင်၊ ၂၁ ဦး ဒဏ်ရာရ

**ဆန်ဒီယာဂို ဇူလိုင် ၁၃**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆန်ဒီယာဂိုမြို့ရှိ ရေတပ်အခြေစိုက်စခန်းတွင် ယမန်နေ့က စစ်သင်္ဘောတစ်စင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၂၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

ယူအက်စ်အက်စ် ဘွန်ဟွန်မီရစ်ချတ်အမည်ရှိ စစ်သင်္ဘောသည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ရေယာဉ်အနီးဝန်းကျင်တွင် မီးခိုးများ ၁၁ နာရီနီးပါးကြာ ထွက်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်း မီးလောင်ကျွမ်းမှုကြောင့် ရေတပ်သား ၁၇ ဦးနှင့် အရပ်သား လေးဦးတို့ ဒဏ်ရာများရရှိခဲ့ပြီး ဒေသတွင်းဆေးရုံတစ်ရုံသို့ တင်ပို့ထားခဲ့ကြောင်းနှင့် ၎င်းတို့အားလုံး အသက်အန္တရာယ် စိုးရိမ်ရမှုမရှိကြောင်း အမေရိကန်ရေတပ်မှ ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။



ယူအက်စ်အက်စ် ဘွန်ဟွန်မီရစ်ချတ် စစ်ရေယာဉ်သည် ကုန်း/ရေ နှစ်သွယ်သွား စစ်ရေယာဉ်ဖြစ်ပြီး ၎င်းပေါ်တွင် ရဟတ်ယာဉ်များနှင့် အခြားလေယာဉ်များ တင်ဆောင်နိုင်သည်။

ယင်းစစ်ရေယာဉ်အား ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဆာဆေဘို ရေတပ်အခြေစိုက်စခန်းတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အခြေစိုက်ထားခဲ့ပြီး ယခုအခါ ဆန်ဒီယာဂိုရှိ ရေတပ်အခြေစိုက်စခန်းတွင် လွှန်းတင်ထားခြင်း ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ဘိုလီဗီးယား စီးပွားရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**လာပက်ဇ် ဇူလိုင် ၁၃**

ဘိုလီဗီးယား စီးပွားရေးဝန်ကြီး အော်စကာအော်တစ်ဇ်က ၎င်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည်ဟု ယမန်နေ့က ပြောကြားခဲ့သည်။ ထို့ကြောင့် ၎င်းသည် ဗိုင်းရပ်စ်ကူးစက်ခံရသော စတုတ္ထမြောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဖြစ်လာခဲ့သည်။



လက်ရှိတွင် ဘိုလီဗီးယား ယာယီသမ္မတမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သီးသန့်ခွဲနေလျက်ရှိသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးနှင့် သမ္မတရုံးအကြီးအကဲတို့တွင်လည်း ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင် ၇ ရက်တွင် ဘိုလီဗီးယားနိုင်ငံ၏ စီးပွားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခံခဲ့ရသော အော်တစ်ဇ်က ရုပ်သံဗီဒီယိုဖိုင်တစ်ခု ထုတ်ပြန်ခဲ့ပြီး ယင်းရုပ်သံဖိုင်အတွင်း သူ၏ရောဂါလက္ခဏာများကို စောင့်ကြည့်နိုင်ရန် ဆရာဝန်များက သူ့ကို ဆေးရုံတင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ဇူလိုင် ၉ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း ကြေညာပြီးကတည်းက ယာယီသမ္မတ ဂျင်နိုင်း အေးနက်ဇ်က နေအိမ်၌ သီးသန့်ခွဲနေလျက်ရှိသည်။ အေးနက်ဇ်တွင် ရောဂါလက္ခဏာ မပြသကြောင်း သူ၏ဆရာဝန်ဖြစ်သူက ပြောသည်။ "ဝန်ကြီး အော်စကာအော်တစ်ဇ် အမြန်ဆုံး ပြန်လည်ကျန်းမာစေကြောင်း ကျွန်မ ဆန္ဒပြုပါတယ်"ဟု ယာယီသမ္မတ အေးနက်ဇ်က တွစ်တာ၌ ရေးသားခဲ့သည်။ ဘိုလီဗီးယားလက်နက်ကိုင်တပ်ဖွဲ့၏ ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့ကဲ့သို့သော အခြားအဆင့်မြင့် အာဏာပိုင်များလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။

ထို့အပြင် တရားရေးဝန်ကြီးလည်း မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသေးသည်။ လူဦးရေ ၁၁ သန်းခန့်ရှိသော ဘိုလီဗီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာ ၄၇၂၀၀ နှင့် သေဆုံးသူ ၁၇၅၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ၈၆၀၀ အထိ လျှော့ချ

**ဝါရှင်တန် ဇူလိုင် ၁၃**

တာလီဘန်အဖွဲ့နှင့် လက်မှတ်ရေးထိုးထားသော သဘောတူညီချက်အရ အာဖဂန်နစ္စတန်နိုင်ငံရှိ တပ်ဖွဲ့ဝင် အရေအတွက် ၈၆၀၀ အထိ လျှော့ချခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် တာလီဘန်အဖွဲ့သည် ပြီးခဲ့သော ဖေဖော်ဝါရီလအတွင်း ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ဘက်စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ချိန်နောက်ပိုင်း ပထမဆုံးသော သဘောတူညီချက် ဖြစ်လာခဲ့သည်။ သဘောတူညီချက်အရ အမေရိကန်နိုင်ငံက ဇူလိုင် ၁၃ ရက်ထက်နောက်မကျဘဲ အာဖဂန်နစ္စတန်နိုင်ငံရှိ တပ်ဖွဲ့ဝင်အရေအတွက် ၁၃၀၀၀ မှ ၈၆၀၀ အထိ လျှော့ချရမည်ဖြစ်သည်။

တပ်ဖွဲ့ဝင်များ လျှော့ချမှု ပြီးစီးပြီဟု အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်အရ ကျန်ရှိသော အမေရိကန်တပ်ဖွဲ့များကို ၁၄ လအတွင်း ရုပ်သိမ်းရမည်ဖြစ်သည်။ စစ်ဘေးသင့် အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်မှန်သောငြိမ်းချမ်းရေး ရရှိနိုင်လျှင်ပင် တာလီဘန်အဖွဲ့က အာဖဂန်အစိုးရ လုံခြုံရေးတပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဂလန်ပြည်နယ်တွင် ဇွန်လနှောင်းပိုင်းက တစ်ပတ်နီးပါးကြာ တိုက်ပွဲကြီးများ ဆက်လက်ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အခြားလူ ၂၉၀ ကျော် သေဆုံးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | ၁၃၀၇၄၃၀၉ | ဦး |
| သေဆုံးသူ | ၅၇၂၄၂၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၆၁၈၉၂၇ | ဦး |

# ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာရှိ နေအိမ်တစ်လုံး မီးရှို့ဖျက်ဆီးခံရ

**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာ ရပ်ကွက် (၃) တွင် နေထိုင်သူ ရီရှီးဒူလာ၏ နေအိမ်ကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တစ်ရွာတည်းနေသူ နှစ်ဦး အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ဖုံညိုလိပ်ကျေးရွာ ရပ်ကွက်(၃)တွင်နေထိုင်သူ ရီရှီးဒူလာ၏ နေအိမ်ကို ဇူလိုင် ၁၀ ရက် နံနက် ၁ နာရီခန့်တွင် တစ်ရွာတည်းနေ မာမွတ်ဆီဒီးနှင့် အဲယ်ဆောင်ဟူလာတို့နှစ်ဦးက နေအိမ်အောက်ထပ် ဝရန်တာတွင် ကောက်ရိုးပုံ၍ ဓာတ်ဆီလောင်းမီးရှို့ပြီး ရွာလမ်းအတိုင်းအရှေ့ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ မီးလောင်မှုကို ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ကောက်ရိုးပုံ၏ အောက်၌ မကွဲသေးသည့် တပ်မတော်သုံး ၆၀ မမဖုံးသီး တစ်လုံးအား တွေ့ရှိခဲ့ရကြောင်း၊ အိမ်ပိုင်ရှင် ရီရှီးဒူလာသည် ကျေးရွာတွင် ရိုးသားစွာလုပ်ကိုင်စားသောက်သူ တစ်ဦး ဖြစ်ပြီး တပ်မတော်စစ်ကြောင်းများအား ကူညီဖူးသူဖြစ်ခြင်းကြောင့် နေအိမ်ကိုမီးလောင်ပေါက်ကွဲစေရန်နှင့် ဗုံးသီးမှာ တပ်မတော်မှပစ်ခတ်ခြင်းကြောင့် ပေါက်ကွဲသည်ဟု ထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်နိုင်သည်ဟု သိရှိရကြောင်း။

မီးရှို့ထွက်ပြေးသူ နှစ်ဦးအား ဖမ်းဆီးရမိခြင်းမရှိဘဲ ၎င်းတို့နှင့်ဆက်စပ်သည့် ရပ်ကွက်(၁)မှ ရှုကူလာနှင့် အဏ္ဏဝါဆာဒတ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်သွယ်ခေါ်ယူရာ အဏ္ဏဝါဆာဒတ်သာ တွေ့ရှိပြီး လာရောက်အဖမ်းခံကြောင်း၊ ၎င်းအား စစ်ဆေးမေးမြန်းချက်အရ မီးရှို့ထွက်ပြေးသူ မာမွတ်ဆီဒီးနှင့် အဲယ်ဆောင်ဟူလာတို့မှာ AA အကြမ်းဖက်သောင်းကျန်းသူများဖြစ်ပြီး ၂၀၁၉ ခုနှစ် မတ်လမှစတင်၍ မာမွတ်ဆီဒီး ဦးဆောင်ကာ ကျေးရွာအတွင်း ငွေကြေးကောက်ခံခြင်း၊ ကောက်ခံရရှိသော ငွေနှင့် ရိက္ခာပစ္စည်းများအား AA အကြမ်းဖက်သောင်းကျန်းသူများ ချိန်းဆိုသော နေရာများသို့ သွားရောက်ပို့ဆောင်ခြင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၌ ဖုံညိုလိပ်တံတားအနီး မိုင်းထောင်ရာတွင် ပါဝင်ကူညီခြင်း၊ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်နေထိုင်သော ရွာသားများ၏ ကျွဲ၊ နွားများအား ခိုးယူ၍ AA အကြမ်းဖက်သောင်းကျန်းသူများထံသို့ ရောင်းချကာ ရရှိငွေအား ဝေစုခွဲရယူခြင်းအပြင် တပ်မတော်စစ်ကြောင်းများ၏ သတင်းများ AA အကြမ်းဖက်သောင်းကျန်းသူများထံသို့ ပေးပို့ရခြင်း၊ မိုင်းထောင်ရာတွင် လိုက်ပါကူညီရခြင်းတို့အား ဆောင်ရွက်ခဲ့သည်ဟု ပဏာမဝန်ခံထွက်ဆိုခဲ့ကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘူးသီးတောင်၊ ရသေ့တောင်နှင့် မောင်တောမြို့နယ် အတွင်းရှိ ကျေးရွာအချို့မှ ရွာသားအမာခံများမွေးမြူ၍ ယခုဖြစ်စဉ်ပါ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရေး အသုံးချဆောင်ရွက်သလို ၎င်းတို့အတွက် ရိက္ခာနှင့် ငွေကြေးများကိုလည်း အဓမ္မခြိမ်းခြောက်ရယူလျက်ရှိကြောင်း ပဏာမစစ်ကြောချက်အရသိရှိရ၍ AA အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံများ ကျေးရွာများအလိုက် အခြေမခံနိုင်စေရေး သတင်းဖော်ထုတ် ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

■

# တာချီလိတ်၊ နောင်ချို၊ ပင်လောင်းနှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(က) ဆန်ဆိုင်းဈေးလမ်းတွင် တွေ့ရှိသူ ခိုင်ဇော်(ခ)ရွှာသားအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် လွန်းကျော်ကျေးရွာအဝင် ထင်းရှူးတောအနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် ကျော်စိုးဝင်း(ခ)ပါကျဲ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

ကွင်းဆက်အရ အုမ္မခါးကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာနေ ထွန်းလင်း(ခ) ဝမ်ခေး၏နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၅ ပြားနှင့် ငွေကျပ် ၃၅၀၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာအုပ်စု လွယ်ပြားကျေးရွာရှိ ပင်လောင်းမြို့အဝင် ဘီးခွန်ကောက်ခံရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေစဉ် ခရီးသည် တင်ဝင်းအောင် (ခ) ပေါက်စီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် မိုင်းတွန်း(တောင်ပေါ်)ကျေးရွာအုပ်စု ပလောင်ပူတွန်းကျေးရွာ၏ အနောက်ဘက် မီတာ ၃၃၀၀ ခန့်အကွာရှိ ရေချောင်းဘေးလျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားအကြေ လေးကီလို၊ ကဖင်း ၁၅၉ ဒသမ ၆ ကီလို၊ ဆာလဖြူရစ်အက်ဆစ် ၂၅၅၄ ဒသမ ၃ လီတာတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မိုးကုတ်မြို့နယ်၌ တွင်းဟောင်းအတွင်း ပြုတ်ကျ၍ တစ်ဦးသေဆုံး

**မိုးကုတ် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ပြောင်ပြင်အုပ်စု ကျောက်ဆောင်ရပ်တွင် ယမန်နေ့ ညနေ ၃ နာရီခန့်က ကျောက်တွင်းလုပ်သား နှစ်ဦး ပေ ၁၅၀ ခန့်နက်သော တွင်းဟောင်းအတွင်း ပြုတ်ကျမှုဖြစ်ပွားကြောင်း ညနေ ၄ နာရီတွင် သတင်းရရှိသဖြင့် မိုးကုတ်မြို့နယ် မီးသတ်စခန်းမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီ ၃၅ မိနစ်တွင် အမျိုးသားတစ်ဦးမှာ သေဆုံးပြီး ကျန်အမျိုးသားတစ်ဦးမှာ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ပါရမီလူမှုကူညီရေးယာဉ်ဖြင့် မိုးကုတ်မြို့နယ် ကျပ်ပြင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ



## မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင်ရှိပါစေ



ပြောင်းသင့်တာတွေကို ပြောင်းရဲတဲ့ သတ္တိရှိပါစေ၊ မပြောင်းသင့်တာတွေကို သည်းခံနိုင်တဲ့ အင်အားရှိပါစေ၊ ဘာကို ပြောင်းသင့်တယ်၊ ဘာကို မပြောင်းသင့်ဘူးဆိုတာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင် ရှိပါစေ။

ဒီဆုတောင်းကို ကျွန်မ သိပ်ကြိုက်ပါတယ်။ ဒါပေမဲ့ 'ပြောင်းသင့်'ကိုတော့'ပြောင်းနိုင်'နဲ့ တွဲပြီး စဉ်းစားရပါမယ်။ ဒီမှာ သတ္တိနဲ့ ပညာ နှစ်ခုလုံး လိုပါတယ်။ နည်းနည်းခက်ခဲတာနဲ့ ရင်ဆိုင်ရရင်၊ 'မရပါဘူး' လို့ လွယ်လွယ်ဆုံးဖြတ်တာမျိုးက အောင်မြင်၊ တိုးတက်မှုလမ်းကို ပိတ်စေပါတယ်။ အခု ကျွန်မတို့ ကိုင်နေတဲ့ iPad ဖုန်းကိုကြည့်ပါ။ ဒါမျိုးမဖြစ်နိုင်ပါဘူးလို့ ပြောတဲ့သူတွေက အများစုဖြစ်နေတာ ဆယ်စုနှစ် အနည်းငယ်သာ ရှိပါသေးတယ်။ ဟော၊ ခုတော့လည်း ကောင်းကောင်းကြီး ဖြစ်နေပါပြီ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၄-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## တောင်ကြီးမြို့ပေါ်ရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ဒုတိယအကြိမ် ထောက်ပံ့

**တောင်ကြီး ဇူလိုင် ၁၃**

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို မေ ၂၁ ရက်မှ စတင်ဖြန့်ဝေလျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ရှိ ရပ်ကွက် နှစ်ရပ်ကွက်မှ အခြေခံပြည်သူလူထုများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်တို့ရှိ အခြေခံပြည်သူ အိမ်ထောင်စု ၁၁၈၀ အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ များပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၆၇၈ ထုပ်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ်အတွက် မိုးစပါးချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေ ထုတ်ပေး



**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ လေးခုမှ ၂၀၂၀ ပြည့်နှစ်အတွက် မိုးစပါးချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေများကို ၂၀၂၀ ပြည့်နှစ် မေ ၁၅ ရက်ကစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

မိုးစပါးချေးငွေအား လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးပြီး ကိုဗစ်-၁၉ အထူးချေးငွေအား တောင်သူများ ထိခိုက်မှုကုစားနိုင်ရေးအတွက် လယ်/ယာ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွက် ၂၀၂၀ ပြည့်နှစ် မိုးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၂၀၁၄၅ ဒသမ ၅၅ သန်း လျာထားခဲ့ရာ ဇူလိုင်လဒုတိယပတ်အထိ ကျပ်သန်းပေါင်း ၁၁၆၀၁ ဒသမ ၀၅ သန်း လျာထားချက်များအပေါ် ၅၇ ဒသမ ၅၈ ရာခိုင်နှုန်း ထုတ်ချေးနိုင်ခဲ့ပြီး ကိုဗစ်-၁၉ အထူးချေးငွေများကို ငွေကျပ် ၄၁၃၆ သန်းလျာထားခဲ့ရာ ငွေကျပ်သန်း ၉၃၁ ဒသမ ၀၅ သန်း လျာထားချက်အပေါ် ၂၂ ဒသမ ၅၁ ရာခိုင်နှုန်း ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကြေးမုံ

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ဆေးသုတေသနဦးစီးဌာနသို့ ဗီယက်နမ်နိုင်ငံအစိုးရ၊ Mytel နှင့် BIDV တို့ အလှူငွေနှင့် Face Masks များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၃**

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၊ Telecom International Myanmar Co., Ltd.(Mytel)နှင့် The Bank of Investment and Development of Vietnam(BIDV) တို့က အလှူငွေနှင့် Face Masks များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ly Quoc Tuan က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ သံအမတ်ကြီး Mr. Ly Quoc Tuan၊ Telecom International Myanmar Co., Ltd.(Mytel)နှင့် The Bank of Investment and Development of Vietnam (BIDV) တို့မှ တာဝန်ရှိသူများက အလှူငွေနှင့် Face Masks များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**လှူဒါန်း**

ယနေ့လှူဒါန်းပွဲတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ ဆေးသုတေသနဦးစီးဌာနသို့ Telecom International Myanmar Co., Ltd. (Mytel) က အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် Face Masks ၃၀၀၀၀၊ The Bank of Investment and Development of Vietnam (BIDV)က ငွေကျပ် သိန်း ၂၀ ကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။




သတင်းနှင့် ဓာတ်ပုံ - မင်းသစ်(MNA)

## ရန်ကုန်တိုင်းဒေသကြီး၌ အိမ်တွင်းမှုသင်တန်းများ အခမဲ့ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၁၃**

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးနှင့် လူမှုရေးကဏ္ဍ ထိခိုက်လာမှုများအပေါ် အမြန်ဆုံးပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အိမ်တွင်းမှုဈေးကွက်ဝင် အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်တန်းအကြိမ် ၂၀၊ သင်တန်းသား ၆၅၅ ဦးဖြင့် ဖွင့်လှစ်ပို့ချပေးမည် ဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်မည့်နေရာများမှာ တိုက်ကြီးမြို့နယ် အလယ်ရွာကျေးရွာ လိမ္မော်ခြံအုပ်စု၌ သီးနှံ(ယို) သင်တန်း၊ ဖိုးခေါင်အုပ်စု ရွာသာရွာ၌ ရိုးရိုးဆပ်ပြာဆီသင်တန်း၊ ခရမ်းမြို့နယ် ဘုရားပျိုကျေးရွာ၌ ရိုးရိုးဆပ်ပြာဆီသင်တန်း၊ သုံးခွမြို့နယ်၌ ဆေးဆပ်ပြာသင်တန်း၊ ကျောက်တန်းမြို့နယ်၌ ရိုးရိုးဆပ်ပြာဆီသင်တန်း၊ ကျောက်တန်းမြို့နယ် ညောင်ဝိုင်းလေးကျေးရွာ၌ အုန်းလက်မှုထည်သင်တန်း၊ ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာ၌ ရိုးရိုးဆပ်ပြာဆီသင်တန်း၊ ကော့မှူးမြို့နယ် နတ်ရေတွင်းကျေးရွာ၌ ဝါးလက်မှုထည်သင်တန်း၊ ကွမ်းခြံကုန်းမြို့နယ် တောင်ကုန်းကျေးရွာ၌ ဆေးဆပ်ပြာသင်တန်း၊ မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်၌ Snack သင်တန်းနှင့် ဆေးဆပ်ပြာသင်တန်း၊ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၌ လက်သန့်ဆေးသင်တန်း သုံးကြိမ်၊ ရိုးရိုးဆပ်ပြာဆီသင်တန်း၊ ဆေးဆပ်ပြာသင်တန်းနှစ်ကြိမ်၊ ရေခဲမုန့်သင်တန်းနှစ်ကြိမ်နှင့် Bakery (မုန့်ဖုတ်) သင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သုည

## ဇူလိုင် ၁၃ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၆ ဦးရှိပြီ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၆ ဦးရှိပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ ငါးဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ လေးဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၃၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၆၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၄၉ ဦး နှင့် ဇူလိုင် ၁၂ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၂ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၄၁၆၈ | ၃၃၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၆၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၃၄၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၄၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၁ | ၅ |
| ၂ | ရခိုင် | ၁၄ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၃၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၃-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၃၄၁၄၅၅၇ | ၁၅၁၇၅၆၇ | ၁၃၇၇၉၅ |
| ဘရာဇီး | ၁၈၆၆၁၇၆ | ၁၂၁၃၅၁၂ | ၇၂၁၅၁ |
| အိန္ဒိယ | ၈၈၂၉၆၂ | ၅၅၆၄၀၃ | ၂၃၂၄၆ |
| ရုရှား | ၇၃၃၆၉၉ | ၅၀၄၀၂၁ | ၁၁၄၃၉ |
| ပီရူး | ၃၂၆၃၂၆ | ၂၁၇၁၁၁ | ၁၁၈၇၀ |
| ချီလီ | ၃၁၅၀၄၁ | ၂၈၃၉၀၂ | ၆၉၇၉ |
| စပိန် | ၃၀၀၉၈၈ | စိစစ်ဆဲ | ၂၈၄၀၃ |
| မက္ကဆီကို | ၂၉၉၇၅၀ | ၁၈၄၇၆၄ | ၃၅၀၀၆ |
| ဗြိတိန် | ၂၈၉၆၀၃ | စိစစ်ဆဲ | ၄၄၈၁၉ |
| တောင်အာဖရိက | ၂၇၆၂၄၂ | ၁၃၄၈၇၄ | ၄၀၇၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၆၉၈၁ | ၃၆၆၈၉ | ၃၆၅၆ |
| ဖိလစ်ပိုင် | ၅၇၀၀၆ | ၂၀၃၇၁ | ၁၅၉၉ |
| စင်ကာပူ | ၄၆၂၈၃ | ၄၂၂၈၅ | ၂၆ |
| မလေးရှား | ၈၇၂၅ | ၈၅၂၀ | ၁၂၂ |
| ထိုင်း | ၃၂၂၀ | ၃၀၉၀ | ၅၈ |
| ဗီယက်နမ် | ၃၇၂ | ၃၅၀ | ၀ |
| မြန်မာ | ၃၃၆ | ၂၆၁ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၅၆ | ၁၃၃ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## အခြေခံလူတန်းစားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နောင်ချို ဇူလိုင် ၁၃**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မေတ္တာသဟာယလူငယ်ပရဟိတအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးသူရထွန်း ဦးဆောင်၍ အခြေခံလူတန်းစားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ယမန်နေ့က နောင်ချိုမြို့တောင်ရပ်ကွက်နှင့် ဈေးရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားမိသားစုဝင် ကျောင်းသား ကျောင်းသူ ၈၀ အား တန်ဖိုးငွေကျပ်လေးသိန်းရှိ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပေတံ၊ ကွန်ပါဘူး အစရှိသော ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## မြဝတီအမှတ်(၂)တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၃၀ ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၁၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၃၀ သည် မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ ရက်တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ဇူလိုင် ၉ ရက်တွင် ၇၈၃ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၆၀၊ ဇူလိုင် ၁၁ ရက်တွင် ၆၁၁ ဦး၊ ဇူလိုင် ၁၂ ရက်တွင် ၆၃၄ ဦး၊ ယနေ့တွင် ၅၃၀ စုစုပေါင်း ၄၆၈၆၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ၂၄၂ ဦး စုစုပေါင်း ၅၃၀ ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၅၂ ဦး ထပ်မံဝင်ရောက်



**ချင်းရွှေဟော် ဇူလိုင် ၁၃**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီတွင် နေရပ်ပြန်ပြည်သူ ၁၂ ဦးနှင့် ယနေ့ ညနေ ၃ နာရီတွင် ၄၀ စုစုပေါင်း ၅၂ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၅၂ ဦးတွင် အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ၁၂ ဦးတို့ ဖြစ်ကြကာ ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိစေနိုင်ရေး မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၂၉၅ ဦးနှင့် အမျိုးသမီး ၅၈၈၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၁၇၆ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ကိုဗစ် - ၁၉ ရောဂါ၏ စီးပွားရေးထိခိုက်မှု သက်သာစေရေးအတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ဖွင့်လှစ်

**ဝါးခယ်မ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ၏ စီးပွားရေးထိခိုက်မှု သက်သာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်နိုင်စေရေးအတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများကို ဇူလိုင် ၉ ရက်မှစကာ ကနစိုးကုန်းကျေးရွာ၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။



သင်တန်းများကို ဝါးခယ်မမြို့နယ်အတွင်းရှိ ကနစိုးကုန်း၊ ငှက်ကျ၊ ဦးကြီးထော်၊ ကျီးချောင်း၊ အုန်းပင်စု၊ ကျုံစိန်၊ ထီးပနန်း၊ ထန်းပင်စု၊ လမ်းသမိုင်ရွာကြီးနှင့် တံတားကြီးကျေးရွာများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်း၊ မေထုန်မဲ့သားစပ်သင်တန်း၊ ကျွဲ၊ နွား မွေးမြူထုတ်လုပ်သင်တန်း၊ သိုး၊ ဆိတ် မွေးမြူထုတ်လုပ်သင်တန်း၊ ဝက် မွေးမြူထုတ်လုပ်သင်တန်း၊ ကြက် မွေးမြူထုတ်လုပ် သင်တန်းများကို ဇူလိုင် ၉ ရက်မှစတင်ကာ စက်တင်ဘာလကုန်အတွင်း ကျေးရွာအသီးသီး၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသခံပြည်သူများအနေဖြင့် မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပညာများ ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်လာနိုင်ခြင်း၊ သားကဏ္ဍလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်နန်း၏ ပြောပြချက်အရ သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၃**

ကျောက်တံတားမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် ကူညီပံ့ပိုးနိုင်ရေးလုပ်ငန်းကော်မတီမှ ယမန်နေ့ ညနေပိုင်းက အခြေခံပညာအထက်တန်းကျောင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာနှင့် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ သားရေလက်အိတ် ခုနစ်ဘူး၊ အဝတ်နှာခေါင်းစည်း ၁၂၀၀၊ ခြေနင်းအမှိုက်ပုံး ၄၀၊ ရေပုံးအကြီး ၃၆ ပုံး၊ ဆပ်ပြာဆီဘူး ၅၀၊ လက်သန့်ဆေးရည်ဘူး ၅၀ တို့ကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

**✻ ရှမ်းပြည်နယ်မှ**

လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၁၃၄ ဦးတို့အား စနစ်တကျ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၁၃၄ ဦးတို့တွင် ကချင်ပြည်နယ်မှ သုံးဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၄ ဦး၊ နေပြည်တော်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၁ ဦး၊ ရခိုင်ပြည်နယ်မှ ၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ခြောက်ဦးတို့ဖြစ်ကြသည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အမျိုးသား ၇၈၄၅ ဦး၊ အမျိုးသမီး ၄၈၆၇ ဦး စုစုပေါင်း ၁၂၇၁၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

## မွေးမြူထုတ်လုပ်မှုဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ကိုဗစ်-၁၉ ရောဂါ၏ ထိခိုက်မှုမှကြံ့ကြံ့ခံနိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ မွေးမြူထုတ်လုပ်မှုဆိုင်ရာသင်တန်းခြောက်မျိုး ဖွင့်လှစ်သင်ကြားပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါက်တာအောင်ဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်သိန်းက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် မွေးမြူထုတ်လုပ်မှုဆိုင်ရာ သင်တန်းခြောက်မျိုးကို နိုင်ငံတော်ပံ့ပိုးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၏ ထိခိုက်မှုမှကြံ့ကြံ့ခံနိုင်စေရန်၊ ပြည်သူများ ဘေးကင်းပြီး အာဟာရပြည့်ဝသည့်အသားများ စဉ်ဆက်မပြတ်ပံ့ပိုးပေးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းခြောက်မျိုးမှာ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း၊ ဝက်မွေးမြူထုတ်လုပ်ခြင်းသင်တန်း၊ သိုး၊ ဆိတ် မွေးမြူထုတ်လုပ်ခြင်းသင်တန်း၊ ကြက်မွေးမြူထုတ်လုပ်ခြင်းသင်တန်း၊ ကျွဲ၊ နွား မွေးမြူထုတ်လုပ်ခြင်းသင်တန်းနှင့် မေထုန်မဲ့သားစပ်နည်းသင်တန်းများဖြစ်ပြီး သင်တန်းတစ်ခုကို သင်တန်းသား ၁၀၀ ဖြင့် သုံးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သင်တန်းသား ၂၀ နှုန်းဖြင့် ငါးနေရာခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## VRFP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းကော်မတီ ဖွဲ့စည်း

**သထုံ ဇူလိုင် ၁၃**

နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ်ကာလ စီးပွားရေးကုစားမှုအစီအစဉ် COVID-19 Economic Relief Plan (CERP)အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော Cash For Work စီမံချက် ကျေးရွာလည်ပတ်ရန်ပုံငွေစီမံချက် (Village Revolving Fund Project-VRFP) များ ပြုလုပ်လျက်ရှိရာ မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာအုပ်စု ရေဝေရွာကြီးကျေးရွာ၌ VRFP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားခြင်းနှင့် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ စီမံကိန်းကျေးရွာတာဝန်ခံက ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ တာဝန်ဝတ္တရားများနှင့် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို မြို့နယ်အဆင့် VRFP ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။



ကြေးမုံ

## စေတနာ့ဝန်ထမ်းနှင့် ပရဟိတအဖွဲ့အစည်းများအား ရင်ထိုးတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**ဝိုင်းမော် ဇူလိုင် ၁၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဝိုင်းမော်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလတွင် ရောဂါထိန်းချုပ် ကာကွယ်ကုသရေးလုပ်ငန်းများ၌ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းနှင့် ပရဟိတအဖွဲ့အစည်းများအား ရင်ထိုးတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးဝင်းရှိ ဆမားခန်းမတွင် ကျင်းပခဲ့သည်။

**ပေးအပ်**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကိုယ်ကျိုးကို ပဓာနမထားဘဲ မိမိအကျိုးအား စွန့်လွှတ်၍ ပရဟိတစိတ်ဓာတ်ဖြင့် သက်ဆိုင်ရာဌာနများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည့် ဝိုင်းမော်မြို့နယ်ရှိ စေတနာ့ဝန်ထမ်းနှင့် ပရဟိတအဖွဲ့အစည်းများအား ရင်ထိုးတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

မိုးယံကျ(မြစ်ကြီးနား)

# အခြေခံပညာကျောင်းများတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံခြင်း စတင်လက်ခံ

**ရန်ကုန်**

ကိုဗစ်ကာလအတွင်း အခြေခံပညာဦးစီးဌာန၏ပထမခြေလှမ်းအဖြစ် နိုင်ငံတစ်ဝန်း အခြေခံပညာအထက်တန်းအဆင့် (၂၀၂၀ - ၂၀၂၁ )ပညာသင်နှစ်အတွက် ၉ တန်း(Grade - 10) နှင့် ၁၀ တန်း(Grade- 11) ကျောင်းအပ်လက်ခံမှုများကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီမှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ၌ ကိုဗစ် -၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လိုက်နာပြီး လက်ခံဆောင်ရွက်ပေးနေပြီဖြစ်သည်။

အဆိုပါကျောင်းအပ်လက်ခံမှုသည် ပညာရေးဝန်ကြီးဌာနလမ်းညွှန်ချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော လိုက်နာရမည့် စည်းကမ်းများအတိုင်း အခြေခံပညာအထက်တန်းအဆင့် ၉ တန်း (Grade - 10) နှင့် (၁၀)တန်း(Grade- 11)ကျောင်းအပ်လက်ခံမှုများကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ဇူလိုင် ၂၁ ရက်တွင် ကျောင်းများစတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းများ၏ ကျောင်းသားဦးရေအနည်းအများပေါ်မူတည်ကာ စာသင်ခန်းတစ်ခန်းတွင် ကျောင်းသား ၂၀ ဦးသာလက်ခံပြီး ၆ ပေအကွာဖြင့် သင်ကြားပေးမည်ဖြစ်သည်။ စာသင်ချိန်များကို နံနက် ၇ နာရီ မှ ၁၁ နာရီ၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီခွဲအထိ ကျောင်းသားဦးရေ အနည်းအများအပေါ်မူတည်ကာ စာသင်ချိန်များ ကွဲပြားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**



**မိုးမိတ်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် အထက်တန်းအဆင့်ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ဇူလိုင် ၁၃ ရက်မှစတင်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအပ်လက်ခံပေးခဲ့ကြောင်း သိရသည်။

"အထက်တန်းအဆင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ သတ်မှတ်ထားပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလဖြစ်တာနဲ့ အညီကျောင်းအပ်လာတာနဲ့ ကျောင်းအဝင်မှာ မိဘတွေနဲ့ ကျောင်းသားကျောင်းသူတွေသိရှိနိုင်ရေး စည်းကမ်းချက်တွေကို ကပ်ထားပေးပါတယ်။ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းဝတ်ဆင်စေခြင်း၊ လက်ဆေးနိုင်ဖို့အတွက် လက်ဆေးစင်များထားရှိပေးခြင်း၊ ကျောင်းအပ်လာသူများနားနေနိုင်ရန်အတွက် ထိုင်ခုံတွေကို ခြောက်ပေအကွာချထားပေးတာတွေ ဆောင်ရွက်ထားရှိပေးပါတယ်။ ကျောင်းဖွင့်ရင်လည်း ကျောင်းသား ကျောင်းသူတွေကို တစ်ခန်းကို ကျောင်းသား ကျောင်းသူ ၂၀ ကိုသာ ထားရှိစေပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်များနဲ့အညီ ပညာသင်ကြားစေမှာဖြစ်ပါတယ်" ဟု မိုးမိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီက ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

**ရှင်မွေလွန်**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့၌ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲမှစတင်၍ ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံဆောင်ရွက်ပေးနေပြီဖြစ်သည်။

ထိုသို့ ကျောင်းအပ်လက်ခံရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျောင်းလာရောက်အပ်နှံရာတွင် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်စေခြင်း၊ ကျောင်းရှေ့စစ်ဆေးရေးဂိတ်တွင် ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးရန်ဘေစင်များနှင့် ဆပ်ပြာများ ထားရှိပေးခြင်း၊ ခြောက်ပေခြားထားသော ထိုင်ခုံများတွင် တစ်ဦးချင်းဝင်ရောက်စေပြီး ကျောင်းအပ်လက်ခံကြောင်း သိရသည်။

ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းအဆင့်အတန်းများကို ဇူလိုင် ၂၁ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းနှင့် Grade (10) တွင် ၁၀၉ ဦးနှင့် Grade(11) တွင် ၁၀၀ စုစုပေါင်း ၂၀၉ ဦးတို့ကို ယခုပညာသင်နှစ်တွင် ပညာသင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် အထက်တန်းအဆင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံပေးခြင်းကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့တွင် ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ထိုသို့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအနေဖြင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ကျောင်းအဝင်ဝတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးညွှန်ကြားချက်များအား အလွယ်တကူဖတ်ရှုနိုင်ရန် ကပ်ထားပေးခြင်း၊ နှာခေါင်းစည်းဝတ်ဆင်စေခြင်း၊ လက်ဆေးရန်ဘေစင်များထားရှိပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်းနှင့် ကျောင်းလာရောက်အပ်နှံရာတွင် လူစုလူဝေးမဖြစ်စေရန် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာထိုင်ခုံများရှိ သတ်မှတ်နေရာများတွင် နေထိုင်စေပြီး အလှည့်ကျစနစ်ဖြင့် ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ညောင်တုန်းမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံပေးခြင်းကို အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှစ်ကျောင်းတို့တွင် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ သတ်မှတ်ထားသော ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

**စေတုတ္တရာ**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံခြင်းကို ယနေ့နံနက် ၈ နာရီခွဲမှစတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အထက(ခွဲ) များတွင် စတင်လက်ခံလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်ခြင်း လက်ခံရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများအား Social Distancing စနစ်ဖြင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် တည်ရှိစေရန် မျဉ်းများ စနစ်တကျ ရေးဆွဲသတ်မှတ်ကာ အပူချိန်တိုင်းကိရိယာများဖြင့် အပူချိန်များတိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများဝတ်ဆင်လာစေခြင်း၊ လက်ဆေးဘေစင်များထားရှိကာ စနစ်တကျလက်ဆေးစေခြင်း၊ ကျောင်းအပ်လက်ခံရာတွင်လည်း မျဉ်းများစနစ်တကျ သတ်မှတ်ကာ ကျောင်းအပ်လက်ခံခြင်းနှင့် အုပ်ထိန်းသူတစ်ဦးတည်းကိုသာ ခွင့်ပြုခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပုတာအို**

အခြေခံပညာအထက်တန်းအဆင့် ကျောင်းအပ်လက်ခံခြင်းကို ဇူလိုင် ၁၃ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းအပ်လက်ခံဆောင်ရွက်လျက်ရှိရာ ပုတာအိုမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲများတွင်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်လက်ခံခြင်းများကို ကိုဗစ်-၁၉ရောဂါကာကွယ်ရေး ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာကျောင်းအသီးသီးတွင် လက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုတာအိုမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ခြောက်ကျောင်း စုစုပေါင်း ၁၃ ကျောင်းတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်နှင့်အညီ ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် ကျောင်းအပ်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသူ ကျောင်းသားများအား ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက စတင်၍ ကျောင်းအပ်နှံရေးလက်ခံမှုကို အထက်တန်းဆင့်ကျောင်းများ၌ ဆောင်ရွက်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၆ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့် ၁၂ ကျောင်း စုစုပေါင်း အထက်တန်းကျောင်းအဆင့် ၂၈ ကျောင်းတွင်ကျောင်းအပ်နှံရန်လာရောက်သော ကျောင်းသူ ကျောင်းသားများနှင့် ကျောင်းသားမိဘများအတွက် လက်ဆေးကန်များ စနစ်တကျထားရှိပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သတ်မှတ်နေရာများအတိုင်း နေရာယူကျောင်းအပ်နှံစေခြင်း စသည့်နည်းလမ်းများဖြင့် အဆင်ပြေချောမောစွာ ကျောင်းအပ်နှံနိုင်ရေးအတွက် သက်ဆိုင်ရာကျောင်းတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ သတ်မှတ်ထားသည်။ **ချမ်းသာ (မိတ္ထီလာ)**



**မန္တလေး**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းအဆင့် သင်ရိုးသစ် Grade-10 နှင့် သင်ရိုးဟောင်း Grade-11 ကျောင်းသားကျောင်းသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ Social Distancing ပုံစံဖြင့် ယနေ့တွင် ကျောင်းအပ်စတင်လက်ခံလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျောင်းအပ်လက်ခံရာတွင် ကျောင်းအပ်ရန် လာရောက်ကြသည့် မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဂိတ်ဝတွင် တာဝန်ကျဆရာ ဆရာမများ အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ဆေးဘေစင်များတွင် လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်းများ ဆောင်ရွက်ပြီးမှ ကျောင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့်အပြင် ကျောင်းအပ်လက်ခံသည့်နေရာအသီးသီးတွင်လည်း လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာထား၍ အပ်နှံခွင့်ပြုကြောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ခင်သီတာက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မံစီ**

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း အခြေခံပညာအထက်တန်းဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးအတွက် ကျောင်းအပ်နှံလက်ခံရေးလုပ်ငန်းများကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် လုံခြုံဘေးကင်းစွာဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူ၊ မိဘ၊ ဆရာ ဆရာမများ လိုက်နာရမည့်စည်းကမ်းများ၊ စာသင်ခန်းနှင့် ကျောင်းများအတွင်း ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို စံ ၁၅ ချက် သတ်မှတ်ကြောင်း၊ သတ်မှတ်ထားသည့်စံနှုန်းနှင့် ကိုက်ညီစွာဖြင့် ဆောင်ရွက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူးရုံးမှ ကြပ်မတ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သစ်တောလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ပွဲ ကျင်းပ



**ပဲခူး ဇူလိုင် ၁၃**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပန်းသင်းပင်ကျေးရွာ သစ်တောကြိုးဝိုင်း အကွက်(၅)တွင် ယမန်နေ့ နံနက်ပိုင်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်မောင်လတ်က သစ်တောဆိုင်ရာဥပဒေ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြပြီး ဒေသခံတောင်သူ အိမ်ထောင်စုရှစ်စုအတွက် မြေဧက ၄၂ ဧကအား အိမ်ထောင်စုအလိုက် လုပ်ကိုင်ခွင့်လက်မှတ်များကို တိုင်းဒေသကြီးဝန်ကြီး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# ရေတာရှည်မြို့နယ် တံတားကြီးကျေးရွာ မီးလင်း၍ ဒေသခံပြည်သူများ ပျော်ရွှင်

**ရေတာရှည် ဇူလိုင် ၁၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် တံတားကြီးကျေးရွာသည် မြန်မာ့ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီခွဲမှစတင်ကာ လျှပ်စစ်မီးများရရှိခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။



''ပျော်တာပေါ့ဗျာ။ ကျွန်တော်တို့ရွာလေးက အိမ်ခြေ ၆၀ ကျော်၊ နွမ်းပါးသူကများတော့ မီးရမယ်လို့ ဘယ်လိုမှ မမျှော်မှန်းခဲ့တာပါ။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကိုရအောင် မြို့နယ်ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ပေးလို့ သိန်း ၁၀၀ ရပါတယ်။ ဒီစီမံကိန်းနဲ့ပဲ မီးရရှိရေးကြိုးပမ်းကြတယ်။ ကျွန်တော်တို့ ကျေးရွာက ထည့်ဝင်ငွေ သိန်း ၇၀ နဲ့ပေါင်းပြီး ရွာတွင်းလမ်းတွေ ကောင်းအောင်လုပ်တယ်။ ရွာတွင်း မီးတိုင်ကြိုးတွေရအောင် ဆောင်ရွက်ကြရတာပါ။ ခုတော့ အားလုံးအောင်မြင်ခဲ့ပါပြီ၊ မီတာပါတစ်ခါတည်းရလို့ ပိုအဆင်ပြေသွားပါတယ်''ဟု ကျေးရွာ ရပ်မိရပ်ဖ ဦးစံရွှေမြင့်က ပြောသည်။

ကိုလွင်(ဆွာ)

# ပညာရေးဝန်ကြီးဌာန“၂၀၂၀-၂၀၂၁ ပညာသင်နှစ်” ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များရောင်းချခြင်းမပြုရ။
- အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်း (၄)ကြိမ် စစ်ဆေးရန်ဖြစ်ပြီး နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်ရန်။
- ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသောကျောင်းသား၊ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Teaching) ကို နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ (TV,Video,Phone,Computer) ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်။
- လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ ထန်းလုပ်ငန်းနှင့် တွဲဖက်ဖွင့်ထားသည့်ဆိုင်များ ပြန်လည်စည်ကားလာ

**ညောင်ဦး ဇူလိုင် ၁၃**
ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်းဘုရားဖူးဧည့်သည်များ စတင်ဝင်ရောက်လာခြင်းနှင့်အတူ ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမကြီးဘေး တစ်ဖက်တစ်ချက်တွင် ဒေသထွက်ပစ္စည်းများနှင့် ထန်းပင်ထွက်ပစ္စည်း ရောင်းချသည့်ဆိုင်များ ပြန်လည်ရောင်းချ စည်ကားနေပြီဖြစ်ကြောင်း ထန်းတဲပိုင်ရှင် ဦးမောင်ဆန်းထံမှ သိရသည်။

**စည်ကားလာ**

ပုဂံ-ညောင်ဦး ရှေးဟောင်းစေတီ၊ ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ဖူးမြော်ကြည့်ရှုလေ့လာပြီးလျှင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာသူများသည် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေးရှိ ရိုးရာထန်းတဲ၊ ထန်းမျှော်စင် (ထန်းလင့်စင်)များသို့ ဝင်ရောက်ကာ အညာဒေသထွက် လက်ဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ ထန်းတဲဆိုင်များတွင် ရောင်းချသည့် အစားအစာများ ဝင်ရောက်စားသောက်ခြင်းများဖြင့် ရိုးရာထန်းတဲဆိုင်များ ပြန်လည်စည်ကားလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ စတင်ဖြစ်ပွားချိန်က ပါဆယ်စနစ်ဖြင့်သာ ရောင်းချခွင့်ပြုထားခဲ့ရာမှ သက်ဆိုင်ရာဌာနများ၏ စံသတ်မှတ်ချက်ဖြင့် ရောင်းချသည့်ဆိုင်များ ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့ရာ ရိုးရာထန်းတဲများ ပြန်လည်ဝင်ရောက် ဝယ်ယူစားသုံးမှု များပြားလာခဲ့ကြောင်း ရိုးရာထန်းတဲလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်း တွဲဖက်လုပ်ကိုင်ရောင်းချသူများက ပြောသည်။

"ကျွန်တော်ကတော့ ကာကွယ်မှု၊ လုံခြုံမှု၊ စားသုံးသူတွေ စိတ်ချယုံကြည်စွာ ဆိုင်အတွင်း ဝင်ရောက်စားသုံးနိုင်ဖို့အထိ ကြိုတင်ကာကွယ်စီမံထားမှုတွေ လုပ်ထားပါတယ်၊ သက်ဆိုင်ရာကလာရောက်စစ်ဆေးပြီး ဖွင့်ခွင့်ပေးတာတောင် စားသုံးသူတွေနဲ့ ဆိုင်က ဝန်ထမ်းတွေအတွက် လုံခြုံစိတ်ချမှုရှိမှ ဖွင့်လှစ်တာပါ။ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ခံယူပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်ရေး ဆိုင်အတွက် လိုအပ်တဲ့ လက်ဆေးဘေစင် ၁၇ လုံးကို ၁၇ နေရာမှာ ထားရှိပေးထားပြီး ဆိုင်အတွင်းဝင်ရင် နှာခေါင်းစည်း တပ်ဆင်ဝင်ရောက်ဖို့ ဝင်ပေါက်နေရာမှာ နှာခေါင်းစည်းဘူးတွေ ချထားပေးပါတယ်၊ ပြန်လည်ထွက်ခွာ ရင်လည်း နှာခေါင်းစည်းတွေ ယူဆောင်နိုင်ကြောင်း စာရေးထားပေးပါတယ်။ ဆိုင်အတွင်း တစ်ဝိုင်းနဲ့တစ်ဝိုင်း ပလတ်စတစ်အကာတွေ ခြားပေးထားပြီး သုံးပေခြား ထိုင်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်"ဟု ဦးမောင်ဆန်းက ရှင်းပြသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်သည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် ဘုရားဖူးပြီး အိမ်အပြန် ကျောက်ပန်းတောင်း-ညောင်ဦးလမ်းဘေး ရိုးရာထန်းတဲဆိုင်များတွင် ရောင်းချသည့် ထန်းပင်ထွက်ပစ္စည်းများဖြင့် ရက်လုပ်ထားသည့် ထန်းခေါက်ဖာ၊ ထန်းရွက်ပုတီး၊ ထန်းရွက်ငှက်ရုပ်၊ ထန်းကုလားထိုင်၊ ထန်းစားပွဲ၊ ထန်းလက်စားပွဲ၊ ထန်းနဖားကြိုး၊ ထန်းလျက်အရက်၊ ထန်းရည်၊ ထန်းလျက်အမျိုးမျိုးဖြစ်သည့် အုန်းထန်းလျက်၊ ဆီးထန်းလျက်၊ မန်ကျည်းထန်းလျက်၊ ချင်းထန်းလျက်၊ ရိုးရိုးထန်းလျက်များအား ဘုရားဖူးလာသူများ အိမ်ပြန်လက်ဆောင်ဝယ်ယူကြပြီး ဒေသထွက် နှမ်းဆီစစ်စစ်၊ ပဲဆီစစ်စစ်၊ ပျားရည်စစ်စစ်များကိုလည်း အိမ်ပြန်လက်ဆောင် ဝယ်ယူမှုများပြားကြောင်း သိရကာ သုံးလကျော်လာရောက်လည်ပတ်မှု မရှိခဲ့သည့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ပုဂံ-ညောင်ဦး ရှေးဟောင်းအမွေအနှစ်ဒေသသို့ ဝင်ရောက်လာခြင်းနှင့်အတူ ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ရိုးရာထန်းတဲများတွင် ပြန်လည်စည်ကားလာကြောင်း သိရသည်။

ကိုထိန်



# ရေအသုံးချသူများအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှုတို့အတွက် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**
ဇူလိုင် ၁၁ ရက်မှ ယနေ့ထိ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညို၊ သုံးဆယ်၊ ရဲနွယ်နှင့် ဖြူးချောင်းရေလှောင်တမံတို့၏ ဆည်ရေသောက်ဧရိယာအတွင်း လက်တံမြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့(WUG)ကို အပြီးဖွဲ့စည်းနိုင်ရေးနှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့က ဒေသနေတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ဤသို့ တစ်နိုင်ငံလုံးရှိ ဆည်ရေသောက်စနစ်များအားလုံးတွင် ရေအသုံးချသူများအဖွဲ့(WUG)များ ဖွဲ့စည်းနိုင်ခြင်းဖြင့် ကွက်ဆင့်သောက်စနစ်မှသည် လယ်ကြားမြောင်း တူးဖော်၍ ရေရယူသည့်စနစ်ဖြင့် ဆည်ရေကို လေလွင့်ဆုံးရှုံးမှုနည်းပါးစွာ ရေသွင်းစိုက်ဧကအလိုက် အချိုးကျ အညီအမျှ အကျိုးရှိရှိ စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ယခုအချိန်ထိ တစ်နိုင်ငံလုံးတွင် ရေအသုံးချသူများအဖွဲ့ပေါင်း ၆၆၅၆ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်သည်။

ညီညီသန်း(နေပြည်တော်)

# အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် မြန်မာနိုင်ငံတက္ကသိုလ်များတွင် သုတေသနပြုလုပ်ခြင်း

ဒေါက်တာမျိုးကြွယ် (NEPC)

ဒုတိယအကြိမ် မြန်မာနိုင်ငံတက္ကသိုလ်များသုတေသနညီလာခံ (Myanmar University Research Conference) ကို ၂၀၂၀ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ နေရာ ကိုးနေရာ (ဘာသာရပ် ကိုးခု) ဝိဇ္ဇာပညာ၊ သိပ္ပံပညာ၊ အင်ဂျင်နီယာနှင့်နည်းပညာရပ်များ၊ ကွန်ပျူတာပညာရပ်၊ စီးပွားရေးပညာရပ်၊ ဆေးနှင့် ဆေးနီးနွယ်ပညာရပ်၊ ဘာသာစကားယဉ်ကျေးမှုနှင့် အနုပညာရပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောပညာရပ်၊ ဆရာအတတ်ပညာရပ်များအတွက် အွန်လိုင်း၊ အဝေးမှအင်တာနက်စနစ်ဖြင့် (Online, Virtual, Tele-Conference, Webinar System) ကျင်းပနေပါသည်။ ယခင်နှစ် ၂၀၁၉ ဆောင်ပုဒ်မှာ 'National Building Through Quality Research and Innovation' ဖြစ်ပြီး ယခုနှစ် ၂၀၂၀ ညီလာခံအတွက် အဓိကဆိုလိုရင်းဆောင်ပုဒ် (Conference Theme) မှာ အရည်အသွေးအခြေပြုသုတေသနမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ 'Quality Research towards Prosperity of the Nation' ဖြစ်ပါသည်။ သုတေသနစကားဝိုင်းများလည်း ဆွေးနွေးမည် ဖြစ်ပါသည်။

၂၅-၆-၂၀၂၀ ရက်တွင် ကျင်းပသော သုတေသနညီလာခံ ဖွင့်ပွဲနေ့တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဟောပြောသူများအဖြစ် အမေရိကန်နိုင်ငံရှိ နာဆာ (NASA) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါက်တာဦးပဒေသာတင်က 'သုတေသန အရေးပါမှုနှင့် မြန်မာနိုင်ငံတက္ကသိုလ်များ၏ အခန်းကဏ္ဍ' ဟူ၍ ဟောပြောရာတွင် အောက်ဖော်ပြပါ -

(က) ကမ္ဘာနှင့် ရင်ပေါင်တန်း၍ ပြည်သူပြည်သားတိုင်း လူမှုအဆင့်အတန်း မြင့်မားစွာဖြင့် ပျော်ရွှင်စွာ နေထိုင်ရေး။

(ခ) တိုင်းပြည်အချုပ်အခြာအာဏာတည်မြဲရေး၊ နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းစွာနေနိုင်ရေး။

(ဂ) နိုင်ငံသားတိုင်း ကျန်းမာစွာနှင့် အသက်ရှည်စွာနေထိုင်နိုင်ရေး။

(ဃ) အနာဂတ် အမိမြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး သားစဉ်မျိုးဆက်တစ်လျှောက်လုံး ပိုမိုကောင်းမွန်သော လူမှုအဆင့်အတန်းရရှိရန်နှင့် အခွင့်အလမ်းကောင်းများရရှိရန် စသည့်အချက်များကြောင့် သုတေသနသည် တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် အရေးပါလှကြောင်းကို ပြောကြားသွားပါသည်။

ထို့အပြင် သုတေသီကောင်း (Good Researcher) တစ်ယောက်၏ အရည်အချင်းမှာ-

(၁) ပညာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှု၊

(၂) အခြေခံအောက်သက်ကျေရန် လိုအပ်မှု၊

(၃) မိမိသက်ဆိုင်ရာ ဘာသာရပ်အပြင် အခြားဘာသာရပ်များကို ဆည်းပူးလေ့လာသင့်မှု၊

(၄) ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်မှု၊

(၅) နိုင်ငံခြားဘာသာ ရေး၊ ဖတ်ကျွမ်းကျင်မှု၊

(၆) စာသင်ကြားတတ်မှု၊

(၇) သုတေသနသည် အစစ်အမှန် (authentic) ဖြစ်ရပါမည်ဟူ၍လည်းကောင်း ဟောပြောပို့ချသွားပါသည်။

ထို့နောက် ဟန်ဂေရီနိုင်ငံ ဗဟိုဥရောပတက္ကသိုလ် Central European Univrsity မှ ဒေါက်တာ လီဗူးမက်တေး (Prof. Livu Matei) က 'နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် တက္ကသိုလ်များ၏ သုတေသန' အခန်းကဏ္ဍကို ဆွေးနွေးဟောပြောခဲ့ပါသည်။ နိုင်ငံအများစုတွင် ပြုလုပ်လိုက်သော သုတေသနများ၏စာတမ်း ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနိုင်မှု (Publications) အရေအတွက်ကိုလည်း ကြည့်ပါသည်။ ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံသည် စာတမ်းထုတ်ဝေနိုင်မှု ၄၂၆၁၆၅ စောင်ဖြင့် အများဆုံးဖြစ်ပြီး အမေရိကန်နိုင်ငံက ၄၀၈၉၈၅ စောင်ဖြင့် ဒုတိယလိုက်ပါသည်။ ဥရောပသမဂ္ဂနိုင်ငံများ (EU)သည် စည်းကမ်းအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ အနည်းဆုံး ၃ % အထိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R&D) အသုံးပြုရမည်ဟူ၍ သတ်မှတ်ထားပါသည်ဟူ၍ ပြောကြားသွားပါသည်။

ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက်ကမူ သုတေသနယဉ်ကျေးမှုကို အားပေးခြင်း (Promoting Research Culture) ဆိုသည့် ခေါင်းစဉ်ဖြင့် ဟောပြောရာ တက္ကသိုလ် ဆရာ/ဆရာမများ၏ တာဝန် သုံးရပ်မှာ -

(က) သင်ကြားရေး - မိမိလုပ်အားအချိန် ၆၀ % ခန့် (Teaching) - သင်ကြားရေးတွင် ပြဋ္ဌာန်းစာအုပ် (Text Book) မှ သင်ကြားပေးရုံသာမကဘဲ ၁၀ % - မှ ၂၀ % ခန့် မိမိပြုလုပ်နေသော သုတေသနများမှ ရရှိသော အကျိုးကျေးဇူးများကို ထည့်သွင်းသင်ကြားသင့်ပါသည်။

(ခ) သုတေသန - ၃၀ % ခန့် (Research) သုတေသနပြုလုပ်ရာတွင် မိမိတက္ကသိုလ်၊ မိမိဒေသအနီးပတ်ဝန်းကျင် အကျိုးရှိမှုကို အဓိကထားသင့်ပါသည်။

(ဂ) သုတေသနစာတမ်း ထုတ်ဝေဖြန့်ချိမှု - ၁၀ % ခန့် (Publication) တို့ အရေးပါသည်ဟု ပြောကြားသွားပါသည်။ ကျွန်တော့်အနေဖြင့်မူ ဒေသခံပြည်သူ ပြည်သားများကိုဝန်ဆောင်မှုပေးမှု (Service)၊ တစ်နည်းအားဖြင့် ကျွန်တော်တို့စိုက်ပျိုးရေးအခေါ်ပညာပေးမှု (Extension) ၁၀ % ခန့် မဖြစ်မနေ လုပ်ဆောင်သင့်ပါသည်။ ဆရာ ဆရာမများ အလုပ်လုပ်ချင်စိတ်ရှိအောင်တော့ ပံ့ပိုးအားပေးရပါလိမ့်မည်။

အထူးသဖြင့် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်ပေါင်းစုံ သုတေသနများကို နိုင်ငံတော်အတွက် အရေးတကြီး လိုအပ်လျက်ရှိသော၊ အရည်အသွေးရှိသော သုတေသနများ၊ တစ်နည်းအားဖြင့် အသုံးချသုတေသနများ (Applied Research) ကို ဦးစားပေးပြီး ပြုလုပ်သင့်ပါသည်။ ဤသုတေသနသည် မြန်မာနိုင်ငံအတွက် အသုံးချသုတေသနဖြစ်သည်ဟု မိမိက ယူဆလျှင် ပြုလုပ်နိုင်ပါသည်။

ဥပမာ - ကျွန်တော်တို့တက္ကသိုလ်များ၌ သုတေသနများတွင် ကိုဗစ်ကာလအတွင်း ကာကွယ်ဆေး၊ ကုသဆေးများ ထုတ်လုပ်နိုင်ရန်၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ယခုထက် ပိုမိုပြည့်စုံနိုင်ရန်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး ကျန်းမာစေသောအစားအစာ နေထိုင်ဆောင်ရွက်ခြင်းကို ပိုမိုကောင်းမွန်နိုင်စေရန်၊ အနောက်တိုင်းဆေးသုတေသနများသာမက တိုင်းရင်းဆေးသုတေသနများပါ ပူးတွဲလုပ်ဆောင်ပေးနိုင်ရန်၊ စီးပွားရေး ဈေးကွက်ရှာဖွေဖော်ထုတ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက် သီးနှံ၊ အသား၊ ငါး၊ နို့များ ပိုမိုထုတ်လုပ်နိုင်ရန်၊ ပိုမိုထုတ်လုပ်နိုင်သည်မှ နိုင်ငံခြားဝင်ငွေ ရရှိနိုင်ရေး ရောင်းချနိုင်ရန် စသဖြင့် ကိုဗစ်နှင့်ကိုဗစ်အလွန်ကာလ (Beyond Covid-19) သည် ယခုအချိန်အလွန်အရေးကြီးနေသဖြင့် ကျွန်တော်တို့တက္ကသိုလ်များက စုပေါင်း၍ ထိုအတွက် ဦးစားပေးသုတေသနများ လုပ်ဆောင်နိုင်ပါက ပိုမိုကောင်းမွန်လှမည်ဖြစ်ပါသည်။

ယူနက်စကို - ကုလသမဂ္ဂ ပညာရေးနှင့်ယဉ်ကျေးမှုအဖွဲ့ UNESCO ၏ (GERC) Gross Domestic Expenditure on R&D (GERD), လေ့လာချက်အရ - စီးပွားရေး၊ လူမှုရေးသုတေသနအဖွဲ့ (CESD)နှင့် ကမ္ဘာ့ဖွံ့ဖြိုးမှုကွန်ရက်အဖွဲ့ (Global Development Network) တို့က ၂၀၂၀ ပြည့်နှစ် မေလတွင်ထုတ်ပြန်ခဲ့သော အချက်အလက်များ၌ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်၌ရရှိသော သုတေသနအသုံးစရိတ်မှာ -

၃၂.၈ % သည် သိပ္ပံ၊ နည်းပညာများ၊ ပညာရေး (STEM - Science, Technology, Engineering and Mathematics - Education)၊ ၃၂.၆% သည် စိုက်ပျိုးမွေးမြူရေး (Agriculture)၊ ၃၀.၀ % သည် ကျန်းမာရေး (Health)၊ ၄.၂ % သည် သဘာဝသိပ္ပံ (Natural Science)၊ ၀.၃၈% သည် လူမှုရေးသိပ္ပံ (Social Science) သုံးစွဲသည်ဟူ၍ တွေ့ရှိရပါသည်။

(သုတေသနအသုံးစရိတ်ကို အစိုးရဌာနများမှ ၇၈% ခန့်သုံးပြီး အဆင့်မြင့်ပညာတက္ကသိုလ်သိပ္ပံကျောင်းများက ၂၁ % ခန့်သုံးသည်ကိုဖော်ပြထားပါသည်။ ရန်ပုံငွေရရှိမှုမှာ နိုင်ငံတော်က ၇၇% ခန့်၊ နိုင်ငံခြားမှအကူအညီပေးနေသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (Development Partners e.g. UNESCO, FAO, WHO, JICA, KOICA, DAAD, GIZ, British Council, US Aids, AusAids, etc. )က ၂၂.၅ % ခန့်၊ ပုဂ္ဂလိကအဖွဲ့အစည်း (Private Sectors) များမှ ၀.၀၂ % ခန့် ထောက်ပံ့သည်ဟုတင်ပြထားပါသည်။

**ဇယား(၁) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ် အများဆုံးနိုင်ငံအချို့ (၂၀၁၉)**

| နိုင်ငံ | အသုံး(US $ Billion) | GDP % |
|---|---|---|
| အမေရိက | ၅၈၁.၀ | ၂.၇ |
| တရုတ် | ၅၁၉.၂ | ၂.၂ |
| ဂျပန် | ၁၉၃.၂ | ၃.၁ |
| ဂျာမနီ | ၁၁၈.၈ | ၂.၉ |
| အိန္ဒိယ | ၉၄.၆ | ၀.၇ |
| ကိုရီးယားသမ္မတနိုင်ငံ | ၉၃.၅ | ၄.၆ |

**Source - https://www.statista.com/statistics/732247/worldwide-research-and-development-gross-expenditure-top-countries**

ကမ္ဘာ့နိုင်ငံများသည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်ကို ဒေါ်လာဘီလီယံနှင့်ချီပြီး သုံးနေသည်ကို ဇယား(၁) တွင်တွေ့နိုင်ပါသည်။

**ဇယား(၂) မြန်မာနှင့်အာဆီယံနိုင်ငံများ စုစုပေါင်းပြည်တွင်းထုတ်ကုန် (Gross Domestic Product) ၏ သုတေသန အသုံးရာခိုင်နှုန်း**

| နိုင်ငံ | နှစ် | % GDP |
|---|---|---|
| မြန်မာ | ၂၀၁၇ | ၀.၀၃ |
| ဘရူနိုင်း | ၂၀၀၄ | ၀.၀၄ |
| ကမ္ဘောဒီးယား | ၂၀၁၅ | ၀.၁၂ |
| အင်ဒိုနီးရှား | ၂၀၁၈ | ၀.၂၇ |
| လာအိုနိုင်ငံ | ၂၀၀၂ | ၀.၀၄ |
| မလေးရှား | ၂၀၁၆ | ၁.၄၄ |
| ဖိလစ်ပိုင် | ၂၀၁၅ | ၀.၁၆ |
| စင်ကာပူ | ၂၀၁၆ | ၂.၁၇ |
| ထိုင်း | ၂၀၁၇ | ၁.၀၀ |
| တီမော | - | - |
| ဗီယက်နမ် | ၂၀၁၇ | ၀.၅၃ |

**Source - https://data.worldbank.org/indicator**

ကျွန်တော်တို့နိုင်ငံ ယခုထက်ပို၍ အသုံးပြုရပါဦးမည် ဇယား(၂)။

ကိုဗစ်အလွန်ကာလတွင် တက္ကသိုလ်များအလိုက် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုအတွက် လက်ရှိသင်ကြားမွေးထုတ်ပေးနေသည့် ဘာသာရပ်ဆိုင်ရာဘွဲ့များကို အခြားနိုင်ငံများမှ မွေးထုတ်ပေးနေသည်တို့နှင့် နှိုင်းယှဉ်လေ့လာ ဆန်းစစ်ပြီး မည်သည့်သာသာရပ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို မည်မျှအထိ အထောက်အကူပြုသနည်းဆိုသည်ကို သုတေသနပြုလုပ်သင့်ပါသည်။ တစ်နည်းအားဖြင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ အဆောက်အအုံစသည့် အရင်းအမြစ်များ အလဟဿ (Waste of all Resources) မဖြစ်စေရန်ဖြစ်ပါသည်။ အမျိုးသားပညာရေးမူဝါဒကော်မရှင်အနေဖြင့်လည်း မွေးထုတ်ပေးလိုက်သည့် ဘွဲ့ရနှင့် အလုပ်အကိုင်ကိုက်ညီမှု ရှိ၊ မရှိ (Matching study between Graduates and Employability in Myanmar) ကို သုတေသန ပြုလုပ်လျက်ရှိနေပါသည်။

သူတို့တင်သွင်းသောစာတမ်းတွင် သုတေသနပြုလုပ်ရာ၌ အောက်ပါ အခက်အခဲ စိန်ခေါ်မှုများလည်း ရှိနေပါသည်ဟူ၍ ပြောပါသည်။ ၎င်းတို့မှာ-

တက္ကသိုလ်နှင့် သုတေသနဌာနများကို ရန်ပုံငွေထုတ်ပေးဝေမှုသည် တင်းကျပ်သော စည်းမျဉ်း စည်းကမ်းများရှိနေပါသည်။ အမျိုးသားသုတေသနဆိုင်ရာ မူဝါဒ (National Research Policy) မရှိသေးပါ။ တက္ကသိုလ်ဆရာ ဆရာမများ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဝန်များဖြင့် ပိနေပါသည်။ အစိုးရ၊ သုတေသနအဖွဲ့အစည်းများနှင့် တက္ကသိုလ်ရှိ သုတေသီများ ညှိနှိုင်းဆောင်ရွက်မှု နည်းပါးနေပါသည်။ မြန်မာနိုင်ငံတွင် တရားဝင်ချမှတ်ထားသည့် သုတေသီအချင်းချင်း သုံးသပ်ပေးသည့် ယဉ်ကျေးမှု (Peer Review Culture) မရှိသေးပါ၊ သုတေသနအရည်အသွေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးပြောဆိုခြင်းမျိုးလည်း မရှိကြပါ။ မူဝါဒဆိုင်ရာ ဆွေးနွေးမှုများတွင် လူကြိုက်များသည့် အတွေးအမြင်များ (Popular Opinion) က သုတေသန အထောက်အထားကို လွှမ်းမိုးလျက် ရှိနေကြပါသည်ဟူ၍ တင်ပြထားပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြုလုပ်သည့် သုတေသနဆောင်ရွက်ချက်များကို ကြီးကြပ်ပေးမည့်၊ ကူညီပံ့ပိုးပေးမည့် မှတ်တမ်းတင်ပေးသည့် အမျိုးသားအဆင့် သုတေသနအဖွဲ့အစည်း (National Research Body or Council) တစ်ခု တည်ထောင်သင့်ပါသည်။ အဆင့်မြင့်ပညာ အဖွဲ့အစည်းများတွင် သုတေသနပြုရာ၌ အားကောင်းသည့်၊ အလုပ်တွင်သည့် သုတေသနအကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် သုတေသီအချင်းချင်း သုံးသပ်သည့်စနစ်ကို ထူထောင်သင့်ပါသည်။

**စာမျက်နှာ ၂၂ သို့ ❖**




❖ စာမျက်နှာ ၂၁ မှ

အဆင့်မြင့်ပညာ အဖွဲ့အစည်းများအတွက် သုတေသနစွမ်းရည်၊ အခြေခံအဆောက်အအုံနှင့် ရန်ပုံငွေတို့တွင် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးသင့်ပါသည်။ မူဝါဒချမှတ်သူများထံသို့ သက်ဆိုင်သည့် နည်းပညာအကူအညီများ အချိန်နှင့် တစ်ပြေးညီ ပေးနိုင်စေရန် ဒေသခံသုတေသီများ၏ စွမ်းရည် မြှင့်တင်ပေးသင့်ပါသည်။ အစိုးရသုတေသနအဖွဲ့အစည်းများ၊ အဆင့်မြင့်ပညာသင်ကျောင်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ထူထောင်မှုကို ပြုလုပ်သင့်ပါသည်ဟူ၍ အကြံပြုတင်ပြထားပါသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပါမောက္ခချုပ်များ ကော်မတီတို့ပူးတွဲဆောင်ရွက်နေသော အမျိုးသား အဆင့်မြင့်ပညာဖွံ့ဖြိုးရေးသိပ္ပံ (NIHED – National Institute for Higher Education Development) တွင်လည်း တက္ကသိုလ် ဆရာ ဆရာမများ အဆင့်မြင့်သင်ကြားရေး၊ စီမံအုပ်ချုပ်ရေးသာမက အဆင့်မြင့်ပညာဆိုင်ရာ သုတေသနများကိုလည်း ပြုလုပ်သွားရန် စီစဉ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အဆင့်မြင့်ပညာရေးနှင့်မူဝါဒဆိုင်ရာသုတေသနကို ပြုလုပ်နေသော တက္ကသိုလ်နှင့် အဖွဲ့အစည်းဌာနမှာ မရှိသလောက်ဖြစ်နေပါသည်။

မြန်မာနိုင်ငံပညာရေးစနစ်သည် ဗဟိုဦးစီးစနစ် (Fully Centralized) အဖြစ်ရှိနေသည်မှာ ရာစုနှစ် တစ်ဝက်ခန့် ရှိနေပြီဖြစ်ပါသည်။ ယခင် ၁၉၆၂ ခုနှစ်မတိုင်မီက ရန်ကုန်တက္ကသိုလ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကာ အရှေ့တောင် အာရှနိုင်ငံများတွင် အထင်ရှားဆုံးတက္ကသိုလ် (Flaship University) ဖြစ်ခဲ့ဖူးပါသည်။

လက်ရှိအစိုးရအနေဖြင့် ဗဟိုဦးစီးစနစ်ကို တဖြည်းဖြည်းချင်း ဖြေလျှော့နေပါသည်။ အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍ ဗဟိုဦးစီးချုပ်ကိုင်မှုကို ဖြေလျှော့မှု (Decentralization) သည် တက္ကသိုလ်များ လွတ်လပ်စွာ ရပ်တည်နိုင်မှု၏ အသက်ဖြစ်ပြီး မိမိကိုယ်ကို တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability)သည်လည်း တက္ကသိုလ်များ လွတ်လပ်စွာ ရပ်တည်နိုင်မှု၏ နောက်ကွယ်က ထက်ကြပ်မကွာ လိုက်ပါနေသောအချက် ဖြစ်ပါသည်။

အမျိုးသာပညာရေးမူဝါဒကော်မရှင်သည် တက္ကသိုလ်များကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးကို တစိုက်မတ်မတ် အားပေးနေသောအဖွဲ့ဖြစ်ပါသည်။ မကြာခင် ရှေ့ပြေးတက္ကသိုလ် ၁၆ ခု ကိုယ်ပိုင်လွတ်လပ်ခွင့် ရရှိတော့မည်ဟု မျှော်လင့်မိပါသည်။

ယခု ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်များ သုတေသနညီလာခံမှနေ၍ တက္ကသိုလ်အချင်းချင်း၊ တက္ကသိုလ်နှင့် သုတေသနဌာနများ၊ တက္ကသိုလ်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းရှာဖွေဖော်ထုတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြပေးနိုင်သော အကျိုးပြုသုတေသနများ ဆက်လက်လုပ်ဆောင်ကြပါစို့ဟူ၍ တိုက်တွန်းအပ်ပါသည်။ ။

# ယာဉ်စီးခပေး YPS ကတ်များ ဇူလိုင် ၁၆ ရက်တွင် စတင်ရောင်းချမည်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ဝိုင်ဘီအက်စ်ယာဉ်လိုင်းများအနက် ယာဉ်အစီးရေ ၅၉၇ စီးတွင် ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေမှု(Yangon Payment Services–YPS)ကို လာမည့် ဇူလိုင် ၂၀ ရက်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်၍ YPS ကတ်များရောင်းချမှုနှင့် ငွေဖြည့်သွင်းသည့်ဝန်ဆောင်မှုများကို ဇူလိုင် ၁၆ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Asia Starmar Transport Intelligent Co.,Ltd မှ သိရသည်။

Asia Starmar Transport Intelligent Co.,Ltd အနေဖြင့် အများပြည်သူဆိုင်ရာ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် e-payment အတွက် တည်ဆောက်၊ ပိုင်ဆိုင်၊ ဆောင်ရွက်၊ လွှဲပြောင်းခွင့်(BOOT)ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC) ၏ ခွင့်ပြုမိန့်နှင့်အညီ ဆောင်ရွက်လျက်ရှိနေပြီး YPS ကတ်များအား ရန်ကုန်မြို့ရှိ G&G ဆိုင်ပေါင်း ၁၀၂ ဆိုင်တွင် ဝယ်ယူရရှိနိုင်ရန် စီမံထားကြောင်း၊ ထို့ပြင် ကတ်များ သုံးစွဲမှုနှင့်ပတ်သက်၍ သုံးစွဲသူများ၏ အခက်အခဲကိုဖြေရှင်းပေးနိုင်ရန် ဆူးလေ၊ သမိုင်းနှင့်တာမွေတို့တွင် YPS Service Center သုံးခုကိုပြင်ဆင်ထားကြောင်း သိရသည်။

အဆိုပါ YPS ကတ်များအား YBPC ကုမ္ပဏီမှ ယာဉ်လိုင်း ခုနစ်လိုင်း၊ လမ်းကြောင်း ၁၀ ခုတွင် ပြေးဆွဲနေသည့် ဘတ်စ်ကား ၃၆၃ စီးနှင့် ဗန္ဓုလကုမ္ပဏီမှ ယာဉ်လိုင်း ခြောက်လိုင်း၊ လမ်းကြောင်း ခုနစ်ခုတွင်ပြေးဆွဲနေသည့် ဘတ်စ်ကား ၂၃၄ စီးတို့တွင် စတင်အသုံးပြုနိုင်မည်ဖြစ်သည်။

**ဝယ်ယူရရှိနိုင်**

"စတင်အသုံးပြုတဲ့အချိန်မှာတော့ ဘတ်စ်ကားအစီးရေ ၅၉၇ စီးမှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ စက်တပ်ဆင်မှုအပိုင်းအနေနဲ့က အစီးရေ ၁၉၀၀ ကျော်မှာ တပ်ဆင်ပြီးပါပြီ။ ရန်ကုန်မြို့တွင်းပြေးဆွဲနေတဲ့ ဘတ်စ်ကားအားလုံးမှာ အသုံးပြုနိုင်ဖို့အတွက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ YPS ကတ်တွေကို လက်ရှိကာလမှာ YPS Customer Service Center တွေနဲ့ YPS ရဲ့ တရားဝင်ကိုယ်စားလှယ်ဖြစ်တဲ့ G&G ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။ ကတ်တွေကို YPS အမှတ်တံဆိပ်ပါကတ်နဲ့ ပေးချေနိုင်တဲ့ ဘတ်စ်ကားတွေမှာ စတင်အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု Chief Marketing Officer မရီရီခင်က ပြောသည်။

YPS ကတ်တစ်ကတ်၏ တန်ဖိုးမှာ ကျပ် ၂၀၀၀ ဖြစ်ပြီး အနည်းဆုံး ငွေကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ ထိ ငွေဖြည့်သွင်းထားနိုင်ကြောင်း၊ ပရိုမိုးရှင်းကာလဖြစ်သည့် ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အတွင်း ကနဦးငွေဖြည့်သည့် ပမာဏမှာ ငွေကျပ် ၅၀၀၀ ဖြစ်ပါက YPS ကတ်တစ်ကတ် အခမဲ့ရရှိမည်ဖြစ်သည်။

**တစ်ဦးအတွက်သာအသုံးပြုပေးချေနိုင်**

YPS ကတ်ကိုအသုံးပြုစီးနင်းရာ၌ ဘတ်စ်ကားပေါ်တက်ရာတွင် အရှေ့တံခါး၌ တပ်ဆင်ထားသော Bus Validator စက်တွင် ကတ်ကိုထိရမည်ဖြစ်ပြီး ကားပေါ်မှ ပြန်ဆင်းရာတွင်လည်း ကတ်ကို Bus Validator စက်တွင် ထပ်မံထိပေးရမည်ဖြစ်ကြောင်း၊ ကတ်ကိုစက်တွင် ထိလိုက်လျှင် စီးနင်းခဲ့သည့်ခရီးစဉ်၏ကျသင့်ငွေကိုဖြတ်တောက်သွားမည်ဖြစ်ပြီး အကယ်၍ ဘတ်စ်ကားပေါ်မှအဆင်းတွင် စက်၌ ကတ်ကိုထိရန် မေ့လျော့/ပျက်ကွက်ခဲ့ပါက နောက်ခရီးစဉ်အစတွင် စက်ကိုထိလိုက်သည်နှင့် တစ်ပြိုင်နက် ယခင်ခရီးစဉ်တစ်ခုလုံး၏ ကျသင့်နှုန်းထားကို အလိုအလျောက်ဖြတ်တောက်သွားမည်ဖြစ်ကြောင်း၊ YPS ကတ်အားတစ်ကြိမ်လျှင် ခရီးသည်တစ်ဦးအတွက်သာအသုံးပြုပေးချေနိုင်ပြီး တစ်ဦးနှင့်အထက်ပေးချေ၍မရကြောင်း သိရသည်။



ရန်ကုန်မြို့၌ သွားလာနေကြသည့် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ခရီးသည်တင် ယာဉ်လိုင်းများကိုသာ မှီခိုအားထား သွားလာနေကြကြောင်း၊ ကိုဗစ်–၁၉ မတိုင်မီကာလက ယာဉ်လိုင်းနံပါတ်ဖြင့် ပြေးဆွဲနေသည့်ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်နှင့် ပြေးဆွဲလမ်းကြောင်းပေါင်း ၁၀၀ ကျော် ပြေးဆွဲလျက်ရှိကာ ယာဉ်အစီးရေ ၄၄၀၀ ကျော်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၉ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ဇူလိုင် ၁၂ ရက်က YBS ပြေးဆွဲလမ်းကြောင်း ၁၂၆ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၃၆၉၉ စီးဖြင့် ခရီးသည် ၈၈၈၂၄၄ ဦးကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) မှ သိရသည်။

**ရာမည**




# အင်းစိန်မြို့နယ် ဗဟိုလမ်းအပိုင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၉–၂၀၂၀ ဘတ်ဂျက်ဖြင့် မြို့နယ်စည်ပင်လမ်းတံတား အင်ဂျင်နီယာဌာနက တာဝန်ယူကြီးကြပ်၍ ယခုလဆန်းပိုင်းမှစတင်ပြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဗဟိုလမ်းမကြီးအပိုင်း၌ အရှည်ပေ ၁၉၀၀၊ အကျယ် ၄၈ပေနှင့် ပေ ၄၀ ဒုကိုးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ဗဟိုလမ်းအပိုင်း ကွန်ကရစ်ခင်းခြင်းနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် တူးဖော်လုပ်ဆောင်နေသည့် လုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်သည် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်း၊ မြို့နယ်စည်ပင်လမ်းတံတား အင်ဂျင်နီယာ တာဝန်ခံ ဦးသန်းဦးတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ ပေါက်ပင်လမ်း ကွန်ကရစ်လမ်းမခင်းမီ ရေနုတ်မြောင်းများ ပြုလုပ်ရမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**



# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ----- ။)**

**၁၃၈၂ ခုနှစ်၊ လ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက သုံးနှစ်တစ်ကြိမ်ရေးဆွဲ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ရမည်။"

၄။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၄ တွင် ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မဟာဗျူဟာရေးဆွဲသည့် ဘဏ္ဍာရေးနှစ်များ၏ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေမှုရှိရမည်။

(ခ) မဟာဗျူဟာ၏ ပထမဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာရမည်။"

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၂ ခုနှစ်၊ လ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၅.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၄.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀.၆ ရာခိုင်နှုန်းမှ ၁၉.၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၇ ရာခိုင်နှုန်းမှ ၃၉.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၇ ရာခိုင်နှုန်းမှ ၄၀.၉ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၉၀,၂၈၂.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၈.၂၀ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၁.၇၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၂၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၈,၅၀၀.၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၀၉၇,၁၈၇ မှ ကျပ် ၂,၂၈၄,၉၇၀ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများ ပါဝင်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်     ။)

၁၃၈၂ ခုနှစ်၊     လ     ရက်

(၂၀၂၀ ပြည့်နှစ်၊     လ     ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ နှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ နှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စု အတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေး အတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင် ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့် အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေ ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏နောက်ဆက်တွဲဇယား များကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ်အခြေပြု၍ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုး ငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထား ခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ် ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံ ခန့်ခွဲမှုကော်မတီကသတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ်     ။)

၁၃၈၂ ခုနှစ်၊     လ     ရက်

(၂၀၂၀ ပြည့်နှစ် ၊     လ     ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**နိဒါန်း**

**အမည်နှင့် အကျိုးသက်ရောက်ခြင်း**

၁။ (က) ဤဥပဒေကို **၂၀၂၀ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ဤဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်ဖြစ်စေ၊ ယင်းနောက်တွင်ဖြစ်စေ စတင်မည့် အခွန်နှစ်များမှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေပါ ဝင်ငွေမှ နုတ်ယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

**ရည်ရွယ်ချက်များ**

၂။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ပုဂ္ဂိုလ်အားလုံး၏ဝင်ငွေအပေါ် အခွန်စည်းကြပ်ခြင်းကို သာတူ ညီမျှမှုရှိစွာ ဆောင်ရွက်နိုင်စေရန်၊

(ခ) ပြည်ပနေပုဂ္ဂိုလ်များထံမှ အခွန်များကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ကောက်ခံနိုင်စေရန်၊

(ဂ) အခွန်ရှောင်ရှားမှုကို ကာကွယ်နိုင်စေရန်၊

(ဃ) ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် လုပ်ထုံး လုပ်နည်းဆိုင်ရာ သတ်မှတ်ချက်များကို ဖြည့်စွက်ပြဋ္ဌာန်းပေးရန်၊

(င) ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုရန်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၃။ (က) ဤဥပဒေတွင် အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ် သက်ရောက်စေခြင်းမရှိလျှင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(၁) **ရရန်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ရယူခြင်း** ဆိုသည်မှာ ပုဒ်မ ၇၇ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကိုဆိုသည်။

(၂) **ငွေကြေးပမာဏ** ဆိုရာတွင် ငွေသားမဟုတ်သည့် အကျိုးခံစား ခွင့်လည်း ပါဝင်သည်။

(၃) **အလုပ်ရှင်က ထောက်ပံ့ပေးသည့် အသိအမှတ်ပြုထားသော ရန်ပုံငွေ** ဆိုသည်မှာ အောက်ပါတို့နှင့် ညီညွတ်ပြီး အလုပ်ရှင် ကဖြစ်စေ၊ ယင်း၏တွဲဖက် လုပ်ကိုင်သူကဖြစ်စေ တည်ထောင် ထားသည့် အငြိမ်းစားရန်ပုံငွေကိုဆိုသည် –

(ကက) စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အခြေအနေ များနှင့် ကိုက်ညီခြင်း၊

( ခခ) ညွှန်ကြားရေးမှူးချုပ်က စည်းမျဉ်းများနှင့်အညီ အသိအမှတ်ပြုထားခြင်း။

(၄) **သတ်မှတ်ထားသည့်ပုံစံ** ဆိုသည်မှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ ဦးစီးဌာနက သတ်မှတ် ထုတ်ပြန်သည့် ပုံစံကိုဆိုသည်။

(၅) **အသိအမှတ်ပြုထားသော ရန်ပုံငွေ** ဆိုသည်မှာ အောက်ပါ တစ်ခုခုကို ဆိုသည် –

(ကက) ဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် အစိုးရက ထည့်ဝင်သည့် ပင်စင်ရန်ပုံငွေ၊

( ခခ ) အလုပ်ရှင်က ထောက်ပံ့ပေးသည့် အသိအမှတ်ပြု ထားသော ရန်ပုံငွေ၊

( ဂဂ ) စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့် ရန်ပုံငွေ။

(၆) **လက်တစ်ကမ်းဆောင်ရွက်ချက် (arm's length transaction)** ဆိုသည်မှာ ပတ်သက်ဆက်စပ်မှုကင်းသည့် သီးခြားလွတ်လပ် သော ပုဂ္ဂိုလ်များအကြား ဆောင်ရွက်ချက်ကိုဆိုသည်။

(၇) **စည်းကြပ်ထိုက်သောဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၅ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကိုဆိုသည်။

(၈) **ရရန်ပိုင်ခွင့်** ဆိုရာတွင် ဒြပ်ရှိ သို့မဟုတ် ဒြပ်မဲ့ရရန်ပိုင်ခွင့်၊ ငွေကြေး၊ ဂုဏ်သတင်း၊ အတတ်ပညာ၊ ပစ္စည်းဥစ္စာ၊ ဝင်ငွေ ရရှိပိုင်ခွင့် သို့မဟုတ် အနာဂတ်ကာလတွင် ဝင်ငွေရရှိပိုင်ခွင့်၊ ၁၂ လထက် ပိုမိုကြာမြင့်ပြီး တည်ရှိသည့်အကျိုးခံစားခွင့်နှင့် ရရန်ပိုင်ခွင့်တစ်ရပ်၏ အစိတ်အပိုင်းတို့လည်းပါဝင်သည်။

(၉) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ ပုဒ်မ ၄ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကိုဆိုသည်။

(၁၀) **လုပ်ငန်း** ဆိုရာတွင်

(ကက) အောက်ပါတို့လည်းပါဝင်သည် –

(၁-၁) အမြတ်ရရှိရန်အတွက် စဉ်ဆက်မပြတ် ဖြစ်စေ၊ ကာလတိုဖြစ်စေ လုပ်ကိုင်သည့် ကုန်သွယ်မှုဆိုင်ရာ၊ စက်မှုဆိုင်ရာ၊ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ၊ ပညာ သည်ဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ မည်သည့်လုပ်ဆောင်ချက်မဆို၊

(၁-၂) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရင်းနှီး တည်ဆောက်ခြင်း (developing) ဆိုင်ရာ သို့မဟုတ် ရင်းနှီးတည်ဆောက် ခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာ လုပ်ဆောင် ချက်၊

(၁-၃) ကုမ္ပဏီ သို့မဟုတ် ပညာသည်အစုစပ် လုပ်ငန်း၏ မည်သည့်လုပ်ဆောင်ချက် မဆို၊

(၁-၄) အတိတ်ကာလတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလ တွင်ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်၊

သို့ရာတွင်

(ခခ) အလုပ်အကိုင် မပါဝင်။

(၁၁) **လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် (business asset)** ဆိုသည်မှာ လုပ်ငန်းတစ်ရပ် ဆောင်ရွက်ရာ၌ ယင်းလုပ်ငန်းမှ ဝင်ငွေရရှိ စေရန် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အသုံး ပြုသည့် လက်ငင်း သို့မဟုတ် မတည်စရိတ်သဘောသဘာဝ ရှိသည့် ရရန်ပိုင်ခွင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်လည်း ပါဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်-စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ ကျခံပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ယူတည်ဆောက်မည့် 33/11kV,5MVA ဓာတ်အားခွဲရုံ(၆)ရုံ အတွက်လိုအပ်သော မြေအောက်ဓာတ်ကြိုးနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၃.၇.၂၀၂၀) မှ (၁၃.၈.၂၀၂၀)ထိ
တင်ဒါပိတ်မည့်ရက် - (၁၄.၈.၂၀၂၀)
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင်ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

အောက်ဖော်ပြပါ (deli) ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် အမည်အမှတ်အသားသည် ကျွန်ုပ်၏မိတ်ဆွေ အမှတ် (S/B-5)၊ အောင်ဇေယျအိမ်ရာ၊ ဆင်မင်းရပ်ကွက် (အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်) အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ထားသည့် Beauty World Co.,Ltd. ကုမ္ပဏီ လိုင်စင် အမှတ် (၄၄/၁၉၉၆/၁၉၉၇)က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၉၄၃၆/၂၀၁၆)၊ ရက်စွဲ(၁၅-၇-၂၀၁၆) အရ မှတ်ပုံတင်ထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး တစ်ဦးတည်းမူပိုင်အဖြစ် Deli Group Co.,Ltd မှ သုံးစွဲခွင့်ပြုထားပြီး ပြုလုပ်သုံးစွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ်နှင့် အမည်၊ အမှတ်စာသားဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်နှင့်အမည်၊ အမှတ်အသား**

deli

**မှတ်ပုံတင်စာချုပ်အမှတ်-၉၄၃၆/၂၀၁၆**

Beauty World Co.,Ltd သည် ပူးတွဲဖော်ပြပါ "Deli Group Co.,Ltd" မှ "deli" အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သည့်ပစ္စည်းများဖြစ်သော deli stationery ;(1)Artist Materials, (2) Adhesive Products, (3) Desktop Office Supplies,(4) File & Folder, (5) Meeting Domistration Product, (6) OA Machine, (7) Office Paper & Paper Products, (8) Office Electric Appliance , (9) Office Paper & Paper Products, (10) Student Stationery, (11) Writing Instrument, (12) Computer Peripheral အစရှိသည်တို့ကို Beauty World Co.,Ltd မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် "deli" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား စာချုပ်အမှတ် (၄/၉၄၃၆/ ၂၀၁၆)၊ ရက်စွဲ (၁၅-၇-၂၀၁၆) မှတ်ပုံတင်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း (သို့မဟုတ်) လူအများကသော်လည်းကောင်း (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုသော်လည်းကောင်း၊ ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှား ပြုလုပ်သုံးစွဲခြင်းနှင့် Beauty World Co.,Ltd. ၏ခွင့်ပြုချက်မရှိဘဲ နယ်စပ်ဒေသမှ တရားမဝင်တင်သွင်းသော "deli" ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချဖြင်း၊ လက်ခံထားရှိခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ—**
**ဒေါ်ရီရီတင် (စဉ်-၁၉၉၅)** **ဒေါ်ညိုမာမြင့်(စဉ်-၁၄၈၄၉)**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် တရားလွှတ်တော်ရှေ့နေ**
**ရုံး-အမှတ် (၈၉)၊ (၃၈)လမ်း၊**
**မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉- ၅၀၁၈၃၄၅**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမက (၇) မူလွန်တွင် ပညာသင်ကြားနေသော သတ္တမတန်းမှ မအိကလျာထွန်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး [၁၄/မအန (နိုင်)၀၀၃၄၂၇ ] ဖြစ်ပါကြောင်း။ **ဦးခင်မောင်အေး**

## ပျောက်ဆုံးကြောင်း

Shwepoe May Micro Finance Co.,Ltd.၏ ပို့ကုန်သွင်းကုန်မှတ်ပုံတင်မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **Ph:09-43088880**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၆)၊ မြေကွက်အမှတ်(၃၀၄)၊ ဧရိယာ ပေ(၄၀x၆၀)၊ မြေကွက်တည်နေရာအမှတ်(၃၀၄)၊ ချစ်ကြည်ရေးလမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်သန်း (ISN -၃၁၆၅၃၃)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်သန်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မို့မို့ဆွေ [၁၄/ကလန(နိုင်)၁၀၇၄၈၈]မှ မြေချပါမစ်မူရင်းမှာ ခြကိုက်ပျက်စီးခဲ့ပြီး ထိုခြကိုက်ပျက်စီးသော ပါမစ်မူရင်းမှာ မိမိလက်ဝယ်တွင်ရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၇၀၀၊ မြေကွက်တည်နေရာအမှတ် (၇၀၀)၊ ကုန်းဘောင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်လှရီ၊ စီအိုင်-၀၂၃၉၅၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဒေါ်လှရီထံမှ ပိုင်ဆိုင်စာချုပ် ၂၄၈၀/၂၃-၈-၂၀၁၈ဖြင့် ပိုင်ဆိုင်သူဒေါ်ကြည်ကြည်မြင့်[၉/အမရ(နိုင်)၀၄၇၁၄၀]၊ ဒေါ်ကြည်ကြည်ဝင်း[၉/မရမ(နိုင်)၀၄၅၃၃၄]တို့မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာ ၅/၁၃၈၉/၁၅-၅-၁၉၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံကတိတို့ကို တင်ပြပြီး ၎င်းတို့၏ကိုယ်စားလှယ်လွှဲစာအမှတ် -၉၈၉/၂၉-၂-၂၀၁၆နှင့် ၂၅၃၃/၇-၃-၂၀၁၆ တို့ဖြင့်ရရှိသူ GP ဒေါ်သိန်းမြင့်[၁၂/ဥကတ(နိုင်)၀၅၆၉၁၂]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း၊ ကျမ်းကျိန်လွှာ ၅/၁၃၈၉/၁၅-၅-၁၉တို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာအုပ်စု၊ ဂျိုးဖြူစံပြကျေးရွာနေ ဒသမတန်းတွင် ပညာသင်ကြားလျက်ရှိသော မသက်မွန်လှိုင်၏ဖခင် ဦးမြင့်နိုင်[၁၂/တကန(နိုင်)၁၀၉၇၆၂]အား ဦးမြင့်လှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးမြင့်လှိုင်**

## အမည်ပြောင်း

တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ မင်းရဲကျော်စွာရပ်ကွက်၊ သုမ္ဗောလမ်း၊ အမှတ်(၁၇၄)နေ အဖဦးလှိုင်မြင့် [၁၂/တကန(နိုင်)၀၂၂၈၃၈]၏သား မောင်ရွှေစင်အား မောင်ဇင်မျိုးသူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇင်မျိုးသူ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၁)လမ်း၊ အမှတ်(၅၂၈/ခ)နေ အဖ(ဦးအုန်းစိန်)[၁၂/ကတန(နိုင်)၀၉၄၅၂၅] နှင့် အမိ ဒေါ်သန်းသန်းဝင်း [၁၂/ကတန(နိုင်)၀၄၆၃၃၇]တို့၏သားဖြစ်သူ ဦးသက်မျိုးဦး [၁၂/ဒဂတ(နိုင်)၀၈၀၁၄၈]သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် အရှက်ရဖွယ်ကိစ္စများကို မိဘတို့၏ မျက်နှာမထောက်ထားဘဲ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် (၁၂-၇-၂၀၂၀)ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝင်း**
**[၁၂/ကတန(နိုင်)၀၄၆၃၃၇]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၅၈ရပ်ကွက်၊ မြေကွက်အမှတ် ၅၇၇၊ ဦးကြည်ထွေးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်(၄၀ × ၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိန်လွင် (၁၂/မဘန (နိုင်)၀၈၅၅၂၉)မှဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိ ကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာ ကင်းရှင်းပါကြောင်းဝန်ခံသဖြင့်ဦးစိန်လွင်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါ သည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် တကွ ကျွန်တော်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်လွင်**
**၁၂/မဘန (နိုင်)၀၈၅၅၂၉**
**၀၉ ၈၉၉၉၀၅၀၀၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ ၁၂-ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ်(၂၄၆)၊ ပထမထပ်(A)ဟု ခေါ်တွင်သော အကျယ်အဝန်းပေ(၁၄x၆၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သန့်သီရိလွင် [၁၂/ဥကတ(နိုင်)၁၆၅၁၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(LL.B,D.B.L,D.I.L,D.I.P.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၂၉)**
**အမှတ်(၃၅/ခ)၊ သခင်ဗဟိန်းလမ်း၊ ၃၀-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

## ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက် အနော်မာ(၁)လမ်း၊ အမှတ်(၇၀/က)ဟုခေါ်သော (၁)ခန်းချင်း(၃½)ထပ်၊ (၅-လွှာ)ကန်ထရိုက်တိုက်၏ (ဒုတိယထပ်/၄-လွှာ)တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းကိုအရောင်းအဝယ်ကတိစာချုပ်အရဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးဆွေ(၁၂/ရကန(နိုင်)၀၅၂၅၉၇)က တရားဝင်ပိုင်ရှင်အဖြစ်အရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးဟိန်းဝေယံလင်း (၁၂/ဥကတ(နိုင်)၁၉၄၄၅၉)ကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါကဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက် ကျော်လွန်ပါကတိုက်ခန်းအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် (LL-B)** အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 253995848 , 09-798420119
**ဒေါ်ဟန်နွေနိုင်( LL-B)** အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၁၇/ဘီ)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃½)ထပ်အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း)အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်သန်းကြည်[၁၁/ရဗန(နိုင်)၀၃၀၈၀၀] (၎င်း၏ကိုယ်စား-ဦးအောင်ထွန်းလတ်)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသီတာထွန်း [၁၄/ဒဒရ(နိုင်)၁၁၉၄၃၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သက်(LL.B)** **ဒေါ်ဆွေဇင်မိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၈) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၀၀)**
**ဖုန်း-၀၉-၄၂၀၀၅၁၀၄၃** **ဖုန်း-၀၉-၄၄၃၁၁၂၉၁၄**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃-H)၊ ပ-ထပ်၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန နမ့်စန်မြို့အား သန့်ရှင်းသောသောက်သုံးရေပေးဝေရေး လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပြုလွှာ Expression of Interest (EOI)ခေါ်ယူခြင်း

၁။ နမ့်စန်မြို့၊ ရပ်ကွက်(၅)ရပ်ကွက်သို့ သန့်ရှင်းသောသောက်သုံးရေအား ခေတ်မီနည်းစနစ်ဖြင့် ရာနှုန်းပြည့်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ(၁၀၀%)ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပုံစံများကို စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)တင်ပြရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းမည့်ကုမ္ပဏီသည် အောက်ဖော်ပြပါ အချက်အလက်များအပေါ် အခြေခံ၍ အဆိုပြုမည့် ဒီဇိုင်းပုံစံများ၊ အသေးစိတ်စီမံချက်နှင့်အတူ (Power Point)ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်-

(က) နမ့်စန်မြို့၏ ရေလိုအပ်ချက်အား ရာနှုန်းပြည့်လွှမ်းခြုံမှုရှိစေရေး ဆောင်ရွက်မည့်အစီအမံ
(ခ) ရေသန့်စင်စနစ်ဆောင်ရွက်မည့်အစီအမံ
(ဂ) Detailed Design Drawing နှင့် Google map မြေပုံများ
(ဃ) သတ်မှတ်အရည်အသွေးပြည့်မီသော သန့်ရှင်းသည့်သောက်သုံးရေအား စနစ်တကျရေဖြန့်ဝေစနစ်နှင့် ရေမီတာစနစ်ဆောင်ရွက်မည့် အစီအမံ
(င) ရေခွန်ကောက်ခံမည့်စနစ်
(စ) ရေရှည်ပြင်ဆင်ထိန်းသိမ်းမည့် အစီအမံ
(ဆ) စည်ပင်သာယာရေးကော်မတီနှင့် အကျိုးအမြတ်ခွဲဝေမည့် အစီအမံ

၃။ စိစစ်ရွေးချယ်ရေးကော်မတီအား မိမိလုပ်ငန်းပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်အတွင်း ရှင်းလင်းတင်ပြရမည်။

၄။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ အဆိုပြုလွှာများကို (၁၂-၈-၂၀၂၀)ရက်၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ ကြီးကြပ်ရေးကော်မတီ(ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနရုံး) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့တင်သွင်းနိုင်ပါသည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။ (ဖုန်း-၀၈၁-၂၁၂၃၉၁၅)

**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့**

## မိဘအမည်မှန်

ဒိုက်ဦးမြို့၊ ကံကလေးကျေးရွာအုပ်စု (မူလွန်) ဖန်ခါးကွင်း၊ သတ္တမတန်းမှ မောင်ကောင်းထက်၏ မိဘအမည်မှန်မှာ ဦးလှရွှေ [၇/ဒဥန(နိုင်)၁၇၁၂၅၅]၊ ဒေါ်စန်းမြင့်[၇/ဒဥန(နိုင်)၁၇၁၃၉၁]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ ကော့ကဒါကျေးရွာအုပ်စု၊ ကော့တာအလက(ခွဲ) ၁၀တန်းမှ နန်းအိအိမိုး၏ဖခင် ဦးအောင်ညွှန့်၏ အမည်မှန်မှာ ဦးသောင်းညွတ်[၃/ဘအန(နိုင်)၁၃၉၄၅၄] ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၂၇၀)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ မြေဧရိယာ(၀.၀၅၇၄)ဧက၊ ပေ(၅၀x၅၀)ဂရန်အမည်ပေါက် ဒေါ်သီရိအောင် [၁၂/မဂတ(နိုင်)၀၇၇၄၈၉] ပိုင်ဆိုင်သောမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မော်မော်လွင် [၅/ကသန(နိုင်)၀၀၆၉၈၂]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စရန်ငွေပေးချေထားသူ**
**ဒေါ်မော်မော်လွင်[၅/ကသန(နိုင်)၀၀၆၉၈၂]**
**ဖုန်း-၀၉-၇၇၇၄၄၄၃၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ နည်းပညာတက္ကသိုလ်ဝန်ထမ်းအိမ်ရာနေ ဒေါ်ယဉ်ဝေလွင်[၁/ မကတ(နိုင်)၀၈၆၅၉၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ဝေလွင်သည် လွန်ခဲ့သော ၂ နှစ်က မြစ်ကြီးနားမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး(၂) (စဉ်-၃၆/၂၀၁၈)(၂၀-၇-၂၀၁၈)ရက်တွင် တရားဝင်နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ယင်းနေ့တွင်ပင် သားသမီးခန်းနှင့် ပစ္စည်းခန်းခွဲဝေမှုများကို တရားဝင်လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ယခုအခါတွင် ဦးစည်သူဇော်[၁/မကတ(နိုင်)၀၀၀၀၅၂] ကိုင်ဆောင်သူမှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးဖြစ်ပါလျက်နှင့် လာရောက်နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်၍ ပြောဆိုပြုမူဆောင်ရွက်နေခြင်း၊ Social Network မှတစ်ဆင့် Ko Si Thu Ko Si Thu Account ဖြင့် Post များတင်ခြင်း၊ ဓာတ်ပုံများတင်ခြင်း၊ Messengerမှတစ်ဆင့် လာရောက်ပြီး ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ဝေလွင် စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောဆိုရေးသားခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူပြောဆိုရေးသားခြင်းများကို ကိုစည်သူဇော်နှင့်တကွ ၎င်း၏မိတ်ဆွေအပေါင်းအသင်းများ အပါအဝင် သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ မည်သူမဆို မည်သည့်အကြောင်းအရာနှင့်မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ဝေလွင် စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အလုပ်အကိုင် အကျိုးစီးပွားပျက်စီးနှောင့်နှေးစေရန်အလို့ငှာ တမင်ရည်ရွယ်၍လည်းကောင်း မည်သည့်အကြောင်းပြချက်နှင့်မှမပြုလုပ်ကြပါရန်နှင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရပ်တန့်ရန်တားမြစ်ပါကြောင်းနှင့် အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစည်သူဇော်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူ**
**အထက်တန်းရှေ့နေ(စဉ်-၂၅၁၀၉)**
**အမှတ်(၀၀၃)၊ ဘူတာရုံလမ်း၊ ခရေပင်ရိပ်မွန်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၆၉၇၂၃၈၉၆၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်-ကင်ပလင်း(၅၆၇-အေ-က)၊ ဦးပိုင်အမှတ်-၉/၁၄(ဧရိယာ-၀.၈၀ဧက)နှင့် ဦးပိုင်အမှတ်-၉/၂၅(ဧရိယာ ၀.၀၃ဧက)ရှိ မြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့မြေစာရင်း၌ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးသက်အောင် [၁၂/မဘန(နိုင်)၀၅၇၈၄၁]၊ ဦးဝင်းအောင် [၁၂/မဘန(နိုင်)၀၅၇၆၂၈]တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးချစ်ဦးစိန် [၁၂/ဒဂန(နိုင်)၀၃၆၂၁၂] ပါ(၃)ဦးမှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့၍ လက်ရောက်ရယူခဲ့ပြီးလက်ရှိထား လက်ဝယ်ပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းဆွေ(B.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၁/၁၉၈၁)**
**အမှတ်(၈၃)၊ အခန်း(၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၆၃၇၈**

## ဝမ်းနည်းကြေကွဲခြင်း

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကိတ္တိသာရ (ဦးကျော်ဟိန်း)**

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာ၊ တေးရေး၊ တေးဆို၊

စာရေးဆရာ၊ ပန်းချီဆရာ

**သိက္ခာတော် (၁၁) ဝါ၊ သက်တော် (၇၃)နှစ်**

ဦးကိတ္တိသာရ (အကယ်ဒမီဦးကျော်ဟိန်း) သည် ၁၁-၇-၂၀၂၀ (စနေနေ့)နံနက် ၉:၂၇ နာရီတွင် ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့၌ အေးချမ်းစွာဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ**

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးကိတ္တိသာရ (ဦးကျော်ဟိန်း)**

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာ၊ တေးရေး၊ တေးဆို၊

စာရေးဆရာ၊ ပန်းချီဆရာ

**သိက္ခာတော် (၁၁) ဝါ၊ သက်တော် (၇၃)နှစ်**

ဦးကိတ္တိသာရ (အကယ်ဒမီဦးကျော်ဟိန်း)သည် ၁၁-၇-၂၀၂၀ (စနေနေ့)နံနက် ၉:၂၇ နာရီတွင် ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့၌ အေးချမ်းစွာ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်း သန်းနွယ်အေးမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အထက(၂) ကမာရွတ်မှ ငယ်သူငယ်ချင်းများ**

**စည်သူ၊ မောင်ဦး၊ Dr.ထွန်းညွန့်၊ အုံ့ဘွယ်၊ David ၊ Dr. အေးခင်၊ Dr. ခိုင်ဇော်၊ Dr. မိသိန်း၊ Dr. ချိုဝင်း၊ အေးရီ၊ ဝင်းဝင်း၊ မိနန်း၊ စန္ဒာ၊ နန္ဒာ၊ မဥ္ဇူ၊ နှင်းနှင်းအေး၊ အိကော၊ ခင်သက်၊ ရင်စန်း**

## ဒေါ်မြင့်စမ်း

စက်မှု (၂) ၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ B.E Chemical

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၄၄၇)နေ (ဦးကျော်သောင်း-ဒေါ်သိန်း)တို့၏သမီး၊ (ဦးစိုးခိုင်-ဒေါ်မြို)တို့၏ သမီးချွေးမ၊ [ဦးလုံးခိုင်(စက်မှု-၂၊ ညွှန်ကြားရေးမှူး-ငြိမ်း)]၏ဇနီး၊ ဦးကြည်ရှိန်-ဒေါ်အေးသန်း၊ (ဦးကျော်မြင့်)-ဒေါ်သန်းနု၊ (ဦးညွန့်မောင်)-ဒေါ်အေးအေးတို့၏ညီမ၊ (ဦးတင်ဝင်း)-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်မ၊ ဦးဇော်ထွန်း-ဒေါ်နီလာခိုင်၊ ဒေါ်မြတ်သူဇာခိုင်၊ ဦးမင်းသူရစိုး-ဒေါ်နှင်းပွင့်ဖြူခိုင်တို့၏မွေးသမိခင်၊ မသန့်ဟေသာ၏ အဘွားသည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလွင်ကျော် (Third Eng-58190)

**အသက် (၄၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရှင်သိဒ္ဓတ်(၁၀)လမ်း (က)၊ အမှတ်(၅၉၂-က)နေ ဦးကျော်မြင့်-ဒေါ်မြတင်တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၅)၊ ၁၁-၅ (H)နေ ဦးအောင်သန်း-(ဒေါ်ကြည်ကြည်လှိုင်)တို့၏သားသမက်၊ ဒေါ်မြတ်မွန်ဦး၏ချစ်လှစွာသောခင်ပွန်း၊ မပန်းမြတ်ဖွေး(ခ)ဖွေးဖွေး၏ဖခင်၊ မခင်မိုးမိုးအေး၏မောင်၊ (ကိုနိုင်ဝင်းဖြိုး)၊ မဆုမွန်ကျော်၊ ကိုအာကာဖြိုး-မနိုနိုဝင့်တို့၏ အစ်ကိုသည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် နေအိမ်၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**နိုင်ငံသာယာဝပြောဖို့**

**သဘာဝတောတွေထိန်းသိမ်းစို့**

## အနိစ္စ

ပုသိမ်အသင်း (ရန်ကုန်)

**ဦးစန်းလွင် @ TONY LWIN**

(ပုသိမ်)

စိန့်ပွဲကျောင်းသားဟောင်း

**အသက် (၇၁) နှစ်**

ပုသိမ်မြို့၊ မကျည်းပင်တန်းလမ်းနေ [ဦးမောင်လွင်(BOC-မန်နေဂျာ)-ဒေါ်ကြည်ကြည်] တို့၏သား၊ ဦးသန်းညွန့်လွင်-ဒေါ်ယဉ်ယဉ်လှ၊ (ဦးထွန်းထွန်း)-ဒေါ်စောမြဝင်းတို့၏ညီ၊ ဦးဝင်းမြင့်-ဒေါ်တင်အုံး၊ (ဦးမြင့်လွင်) – Mrs. Nichaya Prasoppol တို့၏အစ်ကို၊ ဦးဇော်မင်းထွန်း၊ ဦးမျိုးမင်းထွန်း၊ ဦးခွန်မျိုးထိုက်-ဒေါ်နေနွယ်ဝင်း၊ (ဦးမျိုးမြင့်အောင်)-ဒေါ်စန္ဒီထိုက်၊ ဦးသီဟစိုး-ဒေါ်ဇာခြည်ထိုက်၊ Mr. Nonthapak Prasoppol တို့၏ ချစ်လှစွာသောဦးလေး ပုသိမ်အသင်း (ရန်ကုန်) ရာသက်ပန်အသင်းဝင် ဦးစန်းလွင်သည် ၁၂-၇-၂၀၂၀ ရက် ညနေ ၄:၃၆ နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါ နေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

**မောင်ကိုကိုမြတ်(ခ)မြတ်ကို**

**အသက် (၄၇) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)လမ်း၊ (၄) ရပ်ကွက်၊ အမှတ် (၆၅)၊ ရှစ်လွှာနေ ဦးငွေဝင်း-ဒေါ်လှလှငွေ တို့၏ သားကြီး၊ မောင်ကိုကိုလတ်-မစိန်စိန်ငွေတို့၏အစ်ကိုသည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများသိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ပို (ခ) တီပိုမွေ

**(မောင်သန်းအီလက်ထရောနစ်)**

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဦးသန်းရွှေ)-ဒေါ်ကျင်မွှေး၊ ဒေါ်မေရီ-ဦးအိုက်လှ၊ (ဦးမောင်စန်း)-ဒေါ်ခင်စန်းမြင့်၊ ဦးမောင်သန်း-ဒေါ်အုန်းကြည်၊ ဦးလှမောင်-ဒေါ်တင်ဝင်းတို့၏မိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ် ၁၄ ယောက်တို့၏ ဘွားဘွားကြီး၊ [ဦးလင်မွန်စိန်(ခ) ဦးမောင်စိန်]၏ ချစ်လှစွာသောဇနီးသည် ၁၀-၇-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၂၀ ရက်တွင် ရေဝေးဖူးကျန့်သုသာန်၌ ကောင်းမွန်စွာ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်

**အသက် (၉၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂငျွန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ်(၄၃)၊ ပထမထပ်(A)နေ (ဦးရွှေဘ-ဒေါ်အုန်းပွင့်)တို့၏သမီး၊ (ဦးမြမောင်-ဒေါ်ငွေဆိုင်)တို့၏ သမီးချွေးမ၊ (ဦးကျင်လှိုင်)၏ဇနီး၊ (ဦးမျိုးမြင့်)-ဒေါ်အေးအေးမြင့်၊ ဒေါ်စန်းစန်းမြင့်လှိုင်၊ ဒေါ်သန်းသန်းမြင့်၊ ဦးကျော်ကျော်မြင့်-ဒေါ်အေးအေးသိန်း၊ ဦးသန်းဇော်-ဒေါ်မော်မော်မြင့်၊ ဦးမြင့်ဦး-ဒေါ်သန်းသန်းငွေ၊ ဦးဇေယျာကျော်-ဒေါ်ရီရီနွဲ့တို့၏မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်တင်ကြည်သည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့်

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ အာသာဝတီ (၂)လမ်း၊ အမှတ် (၅၇)နေ (ဦးချစ်ပို-ဒေါ်အေးညွန့်)၊ (ဦးကျော်စိန်-ဒေါ်ရှင်)တို့၏ သမီး၊ (ဦးစံရင်)-ဒေါ်အေးရွှေတို့၏ တူမ၊ ဦးကြာဝင်း-ဒေါ်ခင်မြင့်၊ (ဦးအုန်းကြွယ်-ဒေါ်မြစန်း)တို့၏ ညီမ၊ (ဦးလှသိန်း)-ဒေါ်ခင်စိန်၊ ဦးနိုင်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ (ဦးစိုးမြင့်)-ဒေါ်တင်တင်အေး၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်မ၊ ဦးထင်ပေါ်၏ ဇနီး၊ ဦးသန်းဦး-ဒေါ်ခင်သန်းငွေ၊ ဦးဇော်လင်းဦး-ဒေါ်ငွေငွေအောင်၊ ဦးရဲလင်းဦး-ဒေါ်ခင်စောဝင်း၊ မသက်သက်ခိုင်၊ ကိုရဲနိုင်ဦးတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၅၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူတင် (ပေါင်းတည်)

**အသက်(၆၄)နှစ်**

ပေါင်းတည်မြို့နေ (ဦးအောင်တင်-ဒေါ်သန်းရင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (သူရဦးငွေလှိုင်) – ဒေါ်နှင်းရီတို့၏ သမီးချွေးမ၊ ဦးနန္ဒလှိုင်၏ ချစ်လှစွာသောဇနီး၊ ဦးအောင်နိုင်၊ မရွှန်းလဲ့နန္ဒာတို့၏ ချစ်လှစွာသောမိခင် ဒေါ်ကြူကြူတင်သည် ၁၃-၇-၂၀၂၀(တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ရွှေဒိုင်းဒေါ်ရင်ရင် (ဖြူး)**

**အသက် (၈၄) နှစ်**

သူငယ်ချင်း ကိုခင်မောင်သွင်၊ ဒေါ်ကြူကြူဆွေတို့၏မိခင်ကြီး ဒေါ်ရင်ရင်သည် ၇-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (97) မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြည်ကြည်စိမ်း**

**အသက် (၈၁) နှစ်**

ပါမောက္ခ ဒေါက်တာစပယ်ဖြူ(အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊ အထူးကုဆရာဝန်ကြီး-ဆေးပညာ၊ အထူးကုဆေးရုံကြီး-ဝေဘာဂီ)၏ မိခင် ဒေါ်ကြည်ကြည်စိမ်း အသက်(၈၁)နှစ်သည် ၁၀-၇-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးပညာဌာန**

**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဘီးလင်းအသင်းဥက္ကဋ္ဌ

**ဒုတိယဗိုလ်မှူးကြီး ခင်စိုး(ငြိမ်း)၊ ကြည်း-၁၀၈၅၆၊**

**အပတ်စဉ်-၃၄**

**အသက် (၉၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ်(၂၅၄)နေ ဒေါ်တင်တင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်ကြီး စန်းလွင်)-ဒေါ်အေးအေးရီ၊ ဦးခင်ကျော်-ဒေါ်သန်းသန်းနွဲ့၊ ဦးသိန်းစိုး-ဒေါ်ဥမ္မာငွေ၊ ဦးမြင့်ဦး-ဒေါ်တင်တင်စိုး၊ ဦးငြိမ်းစိုးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၀ ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၂-၇-၂၀၂၀ ရက် ညနေ ၆:၅၅ နာရီတွင် (၉၆)ပါးသောရောဂါနှင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ရွှေ (ထားဝယ်)

**ဆပ်ပြာ-၁၊ လက်ထောက်စက်ရုံမှူး-ငြိမ်း**

**ဘဝခရီးသည် နာရေးကူညီမှုအဖွဲ့ (နာယက)**

**အသက် (၈၀)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ချောင်းဝပြင်ကျေးရွာနေ (ဦးတိုးပွား-ဒေါ်နု)တို့၏သား၊ ရန်ကုန်မြို့၊ သန်လျင်မြို့နယ်နေ (ဦးကုလား-ဒေါ်သောင်းရင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ လဝွန်းအိမ်လမ်း၊ အမှတ်(၃၈၂)နေ ဒေါ်ငြိမ်းအေး (အလုကုန်ပစ္စည်း-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်တင်တင်ငြိမ်း(ရခိုင်ပြည်နယ်-သမ ဦးစီးဌာန)၊ ဦးနေလင်း-ဒေါ်ခင်ခင်ငြိမ်း(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)၊ ဦးတင်မောင်အေး (သမဦးစီးဌာန၊ လှိုင်သာယာမြို့နယ်)-ဒေါ်ရည်ရည်မွန် (သမဦးစီးဌာန-သံတောင်ကြီး)၊ ဦးသက်လွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၃-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ လဝွန်းအိမ်လမ်း၊ အမှတ်(၃၈၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းကြည် (အပြုံး)

**အလပြ (ငြိမ်း)၊ အထက-၂၊ လမ်းမတော်**

**အသက် (၈၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ တိုက်(၁၉)၊ အခန်း(၂)၊ မင်းဒင်လမ်းနေ (ဦးစိန်-ဆရာမ ဒေါ်စောမေ)တို့၏ သမီးကြီး၊ [ဦးဖူး-ဒေါ်ဘုတ်(မြိတ်)]တို့၏ သမီးချွေးမ၊ အမှတ်(၂၄၅)၊ ပညာတန်ဆောင်(၃)လမ်း၊ (၄၃) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ [ဦးသိန်းရှင်(မြိတ်)]၏ဇနီး၊ ဦးသန်းရွှေ (လဝက-ငြိမ်း)-ဒေါ်တင်တင်အေး (မန္တလေး)၊ ဦးခင်ဦး (စီမံကိန်းရေးဆွဲရေးဦးစီး-ငြိမ်း)-[ဒေါ်ခင်သန်း(အာမခံ-ငြိမ်း၊ အောင်ပန်းမြို့)]၊ (ဦးထွန်းမြင့်-ဒေါ်ခင်ဝင်း)၊ (ဦးမောင်မောင်)၊ ဒေါ်အေးအေး(ကြယ်ငါးပွင့်-ငြိမ်း)၊ ဦးရဲညွန့်-ဒေါ်ဆွေဇင်ဦး၊ (ဦးစိုးတင့်)၊ ဦးထွန်းအောင်ကျော်၊ (ဦးတင်ထွန်း)တို့၏အစ်မကြီး၊ ဒေါ်မြတ်မြတ်စိုး (Lucky Time Co.,Ltd)၊ (ဒေါ်မင်းမင်းစိုး)၊ ဦးခိုင်ဇော်ဦး(Manawhari Pharma Ltd)-ဒေါ်မြတ်မြတ်အောင်(စန်းငွေရောင် ကုမ္ပဏီ)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၂-၇-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းလွင် @ TONY LWIN (ပုသိမ်)

**စိန့်ပွဲကျောင်းသားဟောင်း**

**အသက် (၇၁) နှစ်**

ပုသိမ်မြို့၊ မကျည်းပင်တန်းလမ်းနေ [ဦးမောင်လွင်(BOC-မန်နေဂျာ)-ဒေါ်ကြည်ကြည် ]တို့၏သား၊ ဦးသန်းညွန့်လွင်-ဒေါ်ယဉ်ယဉ်လှ၊ (ဦးထွန်းထွန်း)-ဒေါ်စောမြဝင်းတို့၏ညီ၊ ဦးဝင်းမြင့်-ဒေါ်တင်အုံး၊ (ဦးမြင့်လွင်)–Mrs. Nichaya Prasoppolတို့၏အစ်ကို၊ ဦးဇော်မင်းထွန်း၊ ဦးမျိုးမင်းထွန်း၊ ဦးခွန်မျိုးထိုက်-ဒေါ်နေနွယ်ဝင်း၊ (ဦးမျိုးမြင့်အောင်)-ဒေါ်စန္ဒီထိုက်၊ ဦးသီဟစိုး-ဒေါ်ဇာခြည်ထိုက်၊ Mr.Nonthapak Prasoppol တို့၏ချစ်လှစွာသောဦးလေး၊ မြေး ခြောက်ယောက်တို့၏အဘိုးလေးသည် ၁၂-၇-၂၀၂၀ ရက် ညနေ ၄:၃၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးဝင်း (Michael)

**B.E (Mechanical), (Chief Engineer/Ex-Gewin)**

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၆)၊ ဓမ္မိကဝတီလမ်းနေ [တက္ကသိုလ်နေဝင်း(ခ)ဦးထွန်းလှ]-ဒေါ်ခင်ညိမ်းတို့၏ သား၊ (ဒုဗိုလ်မှူးကြီးကျော်ခင်-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ဒေါ်အေးအေးကျော်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မူမူဝင်း-ဦးကြည်မောင်ဝင်း၊ ဒေါ်အေးအေးဝင်းတို့၏မောင်၊ (ဦးဇော်ဇော်ဝင်း)၏အစ်ကို၊ မမြသဲခိုင် (ခေတ္တ-Seoul, S,Korea )၏ ချစ်လှစွာသောဖခင်၊ ဦးဝင်းမောင်-ဒေါ်ခင်သီတာထွန်းတို့၏ ဦးလေးသည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယနေ့ စတင်ကျင်းပသည့် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ပြည့်နှစ် ဩဂုတ်လနောက်ဆုံးပတ်အပြီး ပြုလုပ်ရန်လျာထားပါကြောင်း၊ အဆိုပါအစည်းအဝေးကာလတွင် နိုင်ငံတော်အတွက် နှစ်စဉ်မဖြစ်မနေ ဆောင်ရွက်ပေးရမည့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုပေးနိုင်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၁၃၄ ဦးအား လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်ပေး



**လားရှိုး ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍

**စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ✻**

# ဘောလုံးပြိုင်ပွဲများ ကျင်းပခွင့်ရရန်နှင့် အကယ်ဒမီကျောင်းများ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားမှုများ လာရောက်စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ တင်ပြခဲ့ရာ ပြင်ဆင်ဆောင်ရွက်ထားမှုများအား ယနေ့မွန်းလွဲပိုင်းက နေရာသုံးခုသို့ လာရောက်စစ်ဆေးခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန် သုဝဏ္ဏဘောလုံးကွင်းနှင့် YUSC ဘောလုံးကွင်းအတွင်း ပြင်ဆင်ထားမှု၊ အကယ်ဒမီကျောင်းများ ဖွင့်လှစ်ရန် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)သို့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်သည် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ထားမှုများအပြင် ပြိုင်ပွဲကျင်းပနိုင်ရန် ဆောင်ရွက်ထားမှုများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လာရောက်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးနှင့်အညီ အန္တရာယ်ကင်းရှင်းစေရန် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးရန် ညွှန်ကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်သည် ပြည်တွင်းပြိုင်ပွဲများ ကျင်းပနိုင်ရန် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းဘောလုံးပြိုင်ပွဲများ ကျင်းပခွင့်ရရန် ယခုစစ်ဆေးမှုများအပေါ် မူတည်၍ ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ **ရှိုင်းထက်ဇော်**

# ကျေးရွာအိမ်ထောင်စုများသို့ သီးနှံမျိုးစေ့အိတ်များ ထောက်ပံ့

**မြောင် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့၌ စိုက်ပျိုးပညာပေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်းမှ အထောက်အပံ့ဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးရွာအိမ်ထောင်စုများသို့ သီးနှံမျိုးစေ့အိတ်များ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာကျော်နိုင်ထွန်းနှင့်ဒေါ်အေးမြတ်မွန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သီးနှံမျိုးစေ့များအား ကျေးရွာတောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပေးအပ်သော စားဖိုဆောင်သုံး မျိုးစေ့များမှာ ဒန့်သလွန်၊ ဘူး၊ ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီ၊ နံနံ၊ ချဉ်ပေါင်၊ ရွှေဖရုံ၊ သခွားနှင့် တိုင်ထောင်ပဲများဖြစ်ပြီး စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ကိုကို(မြောင်)**

**ကြေးမုံ** ယနေ့ ဖတ်စရာ

**သခင်ကိုယ်တော်မှိုင်း၊ မဟတ္တမဂန္ဒီနှင့် ဗိုလ်ချုပ်အောင်ဆန်း**

စာမျက်နှာ » ၁၀

**ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကပင် နိုဗယ်ကိုရိုနာပိုင်းရပ်စ်ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား**

စာမျက်နှာ » ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၆